မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၂၂)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင်အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသောသဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကိုမပြုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ☆**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။


## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့အပါအဝင် ဟုမ္မလင်းနှင့် ဖောင်းပြင်တို့တွင် ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

မုံရွာ ဩဂုတ် ၁၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလဟယ်မြို့တွင် လက်ရှိတပ်ဆင်အသုံးပြုနေသည့် ၁ ဒသမ ၂ မီတာရှိ Ku-Bandဂြိုဟ်တုစနစ်သည် ဗန်းသေး၍ ဝပ်အားနည်းသဖြင့် ရာသီဥတုကြောင့် ဖုန်းလိုင်းအတက်အကျဖြစ်ခြင်း၊ ပြတ်တောက်ခြင်းနှင့် လိုင်းကျပ်ခြင်းများဖြစ်ပေါ်သဖြင့် ဝပ်အားကြီးသည့် ၂ ဒသမ ၄ မီတာရှိ C-Band ဂြိုဟ်တုစနစ်ကို ဩဂုတ်လ ၁၂ ရက်က တိုးချဲ့တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ထိုသို့ဂြိုဟ်တုစခန်းစနစ်များကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ယခင်ဖုန်းခေါ်ဆိုမှုနှင့် စာတို(sms)ပေးပို့မှုများအပြင် လဟယ်မြို့ရှိ သတ်မှတ်ထားသောနေရာတွင် အင်တာနက်အသုံးပြုနိုင်သဖြင့် အွန်လိုင်းစာမျက်နှာများနှင့် အချက်အလက်များကို လွယ်ကူချောမွေ့စွာစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရှိရသည်။

**စာမျက်နှာ ၁၂ ကော်လံ ၄ ➤**




## မုန်တိုင်းငယ်ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော **စာမျက်နှာ ၁၁ ကော်လံ ၁ ⇨**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ

စာ - ၁၆ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

စာ - ၁၇ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်)

## စွမ်းရည်ပြည့်ဝသောလူငယ် အားကောင်းသောနိုင်ငံ မျှဝေပိုင်ဆိုင်သောအနာဂတ်

လောကနိယာမသဘောအရ ပြောင်းလဲနေသည့်အမှန်တရားများတွင် ယနေ့လူငယ်များသည် နောင်တစ်ခေတ်တွင် လူကြီးများဖြစ်လာမည်ဟူသောအချက်လည်းပါဝင်သည်။ လူငယ်များကို ကောင်းမွန်စွာပြုစုပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးဖန်တီးနိုင်ကြမည်ဖြစ်သည်။ လူငယ်အရွယ်တွင် လူငယ်တို့တတ်အပ်သောအတတ်ပညာများကို ပြည့်ဝစွာဖြည့်ဆည်းထားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လူငယ်များနှင့်ပတ်သက်လာလျှင် အထူးအလေးထားကာ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေနိုင်ရေး၊ အနည်းဆုံးအဆင့် (KG+9) အထိသင်ယူတတ်မြောက်ရေး၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှု စသည်ဖြင့်မိမိဝါသနာပါသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဆက်လက်သင်ယူနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း (၉၂) ကျောင်းအထိ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့်သိပ္ပံကျောင်းများကို တက္ကသိုလ်/ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များတိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် **"မိမိတို့နိုင်ငံတွင် ယခင်က လူငယ်နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန သီးခြားမရှိခဲ့သော်လည်း အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအလေးထားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းခဲ့ပါကြောင်း၊ မိမိအနေဖြင့် လူငယ်များသည် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသယံဇာတများဖြစ်သည်ဟုခံယူထားပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် "စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်" (Empowered Youth, Strong Nation, Shared Future) ဆိုသည့် ဆောင်ပုဒ်ကိုချမှတ်ထားပြီး "အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေးမူဝါဒမူဘောင်တစ်ရပ်ရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို/ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းက ဆန္ဒမဲလာရောက်ပေးကြရာတွင် အသက် ၁၈ နှစ်မှ ၃၀ နှစ်ကြားလူငယ်များ ၂၄ ရာခိုင်နှုန်း ပါဝင်ဆန္ဒမဲပေးခြင်းဖြစ်၍ လူငယ်များပါဝင်မှုနှုန်းရာခိုင်နှုန်းများပြားသည်။ မြန်မာနိုင်ငံသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ လူငယ်ဦးရေ ၁၇ သန်းခန့်ရှိသည်။ စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည့်အတွက် လူငယ်အင်အားများပြားသည့်နိုင်ငံဖြစ်သည်မှာ ရွှေရောင်အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ထိုကဲ့သို့အခွင့်အလမ်းကောင်းရှိနေသော်လည်း လူငယ်ထုအတွင်းတွင် ကျောင်းထွက်နှုန်းမြင့်မားနေသည့်အတွက် အဆင့်မြင့်ပညာရရှိမှု၊ သက်မွေးပညာရေးရရှိမှု၊ ဒီဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု စသည့် ပညာရေးဆိုင်ရာအားနည်းချက်များဖြစ်ပေါ်နေသည်။ ထိုကဲ့သို့ အားနည်းချက်များကြောင့် ဘဝအာမခံချက်ရှိသည့်အလုပ်အကိုင်ရရှိမှုအားနည်းခြင်း၊ ပုံမှန်လုပ်ခလစာမရရှိသည့်အလုပ်(Informal sectors)များတွင် အများစုလုပ်ကိုင်နေရခြင်း၊ ကျောင်းသင်ပညာရေးနှင့် အလုပ်အကိုင်ကိုက်ညီမှုအားနည်းခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ်အားနည်းခြင်း စသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများရှိနေသည်။

လူငယ်များအတွက် အဓိကစိန်ခေါ်မှုသည် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိရေးပင်ဖြစ်သည်။ ထို့ပြင် ပြည်ပနိုင်ငံများကို ရွှေ့ပြောင်းသူများထဲတွင် အသက် ၁၅ နှစ်မှ ၃၄ နှစ်အကြားအုပ်စုသည် ထွက်ခွာသူများ၏ ၇၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ပြည်ပထွက်ခွာအလုပ်လုပ်ကိုင်မှုများသည် ပြည်ပမှမိသားစုထံကိုငွေလွှဲပို့နိုင်သည့်အတွက် မိသားစုဝင်ငွေကို အထောက်အကူပြုနိုင်ခြင်း၊ လူငယ်များအနေနှင့် နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံအသစ်များကိုရရှိလာနိုင်ခြင်း စသည့် ကောင်းကျိုးအချို့ရှိသော်လည်း ပြည်တွင်း၌ ကျွမ်းကျင်လုပ်သားရှားပါးလာမှုနှင့်ကုန်ထုတ်လုပ်မှုစွမ်းအား ကျဆင်းမှုများကိုဖြစ်ပေါ်စေနိုင်သည့်အတွက် ရေရှည်တွင်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုအဟန့်အတားဖြစ်လာပေမည်။ အနှစ်ချုပ်ဆိုရသော် **"စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်"** ကိုပိုင်ဆိုင်ရေး လူငယ်များအားလုံး ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ဆိပ်ဖြူ ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေဝင်ရောက်ခဲ့သည့်နေအိမ်များမှ ဒေသခံပြည်သူများအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ရေဝတီမြစ်ရေဝင်ရောက်ခဲ့သည့် အနိမ့်ပိုင်းနေအိမ်များမှပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ရေး၊ အဆိပ်ရှိပိုးမွှားအန္တရာယ်များကင်းဝေးနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းတွင် ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူးမောင်မောင်တင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစ်ရေဝင်ရောက်ခဲ့သည့်နေအိမ်များနှင့် သောက်သုံးရေတွင်းရေကန်များကို ကြည့်ရှုစစ်ဆေးခြင်း၊ အဆိပ်ရှိပိုးမွှားအန္တရာယ်များကင်းဝေးနိုင်စေရန် မြွေအန္တရာယ်အသိပညာပေးပိုစတာများကပ်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် မြစ်ရေဝင်ရောက်ခဲ့သည့်အိမ်များမှ ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ထက်အောင်က ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး၊ သောက်သုံးရေကျိုချက်သုံးစွဲနိုင်ရေးနှင့် အဆိပ်ရှိပိုးမွှားအန္တရာယ်များကင်းဝေးရေး အသိပညာပေးခြင်းများကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများစစ်ဆေးဆောင်ရွက်ခြင်းနှင့် ရေသန့်ဆေးများကို ပေးအပ်ကြောင်း သိရသည်။

**ကိုဇွဲ(အညာမြေ)**

# ရွှေဘိုမြို့၌ နေကြာသီးနှံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရွှေဘို ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

၂၀၂၆ – ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရွှေဘိုခရိုင်၌ နေကြာသီးနှံ ဧက ၁၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့ထိ ရွှေဘိုမြို့နယ်၌ ၃၆ ဧက၊ ခင်ဦးမြို့နယ်၌ ၇၈၅ ဧက၊ ဝက်လက်မြို့နယ်၌ ၂၂၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲ၌ ၄၃ ဧက စုစုပေါင်း ၁၀၈၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံဧက ၁၂၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၁၀၈၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကိုတိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကိုဆောင်းမှာပဲ စိုက်ကြတာပါ"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

ရွှေဘိုခရိုင်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၈-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

## MWD Variety Channel

၁၈-၈-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၅ | စကားလက်ဆုံ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၆:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၂၁:၁၀ | ကွယ်လွန်ထင်ရှားအနုပညာရှင်များ (အဆိုတော် မျိုးမြင့်လေး) |

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ပြည်ထောင်စုနယ်မြေ နေပြည်တော် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲဆောင်ရွက်မည်

မန္တလေး ဩဂုတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စသည့်ဒေသသုံးခုရှိ ကျေးလက်နေအမျိုးသမီးများအတွက် ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၏ပြောကြားချက်အရသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စီမံချက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကူညီပံ့ပိုးရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံးအနည်းဆုံး Grade-9 အထိ ပညာသင်ကြားနိုင်ရေး၊ အမျိုးသမီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များနှင့်ပူးပေါင်း၍ public-private partnership ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံချက်နယ်မြေများတွင် ကျန်းမာရေးနှင့်အာဟာရ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးစသည့် ကဏ္ဍများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေအမျိုးသမီးများ၏အမူအကျင့်များပြောင်းလဲလာအောင် သင်တန်းများ



ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်းဆွေးနွေးပြောကြားခဲ့သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို စံပြခရိုင်များအဖြစ် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ အမရပူရနှင့် မြစ်သားမြို့နယ်ရှိ ကျေးရွာ ၃ ရွာစီဖြင့် ကျေးရွာ ၁၅ ရွာ ဆောင်ရွက်မည့်အစီအစဉ်၌ မိတ္ထီလာခရိုင်တွင် ကျေးရွာ ၈ ရွာနှင့် ရမည်းသင်းခရိုင်တွင် ကျေးရွာ ၄ ရွာ ထပ်မံထည့်သွင်းပြီး ကျေးရွာ ၂၇ ရွာ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးအဖွဲ့များနှင့်တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

---

# ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိရပ်ကွက်အချို့နှင့် ကျေးရွာအချို့ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်းပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်(၅) ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော် နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ဝေန်ပန်းတာရေဝင်ရောက်မှုကိုထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်ဖြည့်၍ကာကွယ်ခြင်းဆောင်ရွက်ပေးစဉ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊စားနပ်ရိက္ခာစားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက်နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ဒီကနေ့ မနက်ဖြန်လား မလာရင် မောင်သက်ညွန့်ကို တားလို့ရရင် တားရမှာပဲ၊ မိမိရီပြောတဲ့အတိုင်း မောင်ဘချို ကံကောင်းရင်ဖြင့် သူတို့နှစ်ယောက်ဆုံမိကြမှာပဲ၊ ဒီစာရတဲ့အကြောင်း ဒေါ်ဒေါ်သိပြီလား"

"မောင်ကြီးအကြောင်းပါမှန်းမသိတာနဲ့ စာကို မေမေ့ရှေ့မှာဖွင့်မိလို့ သိသွားပြီရှင့်၊ မေမေလည်း မစားနိုင်မသောက်နိုင်ဖြစ်ပြီး မောင်ကြီးချည်း တမျှော်နေရတာပဲ"

"မောင်ဘချိုက တယ်လွဲတာကိုး၊ ကိုယ်မှမသတ်ဘဲနဲ့ သတ်သလိုလုပ်ပြီး တိမ်းရှောင်နေတာ အင်မတန်လွဲတယ်"

"မောင်ကြီးမသတ်တဲ့အကြောင်းကို ကိုထွန်းမြတ် ကောင်းကောင်းယုံပြီပေါ့လေ"

"ယုံပါတယ်၊ ယုံပါတယ်၊ ဘထွန်းသာ တွေ့ဖို့လိုတော့တာပဲ"

"ဒါနဲ့ မောင်သက်ညွန့်ကို သူမြင်ဖို့ ဘယ့်နှယ်ကြံမလဲ"

"အခု မပြောနိုင်သေးဘူး၊ ကြံရဦးမယ်၊ သူလာလာချင်းအကြောင်းကြားလှည့်နော်၊ ကဲ...ပြန်ပေဦးတော့" ဟုပြောပြီးမှ စကားတစ်ခုကျန်သေး၍ မိမိရီနှင့်အတူလိုက်သွားပြီးလျှင်–

"မောင်ဘချိုလာလို့ ငွေများလိုတယ်ဆိုရင် မိမိရီတို့မှာ အခန့်မသင့်ရင် ပြောနော်"

"ကျေးဇူးတင်လှပါတယ်ရှင်၊ လိုရင် ကျွန်မပြောပါ့မယ်"

မောင်ထွန်းမြတ်လည်း ပျာယီးပျာယာနှင့် အိမ်တွင်းသို့ဝင်လာ၍ "ကျွန်တော်အပုံကြီးနောက်ကျနေတယ်မှတ်တယ်" ပြော၍ ထမင်းစားရန် စောင့်ဆိုင်းနေကြရသည့်အတွက် တောင်းပန်ပြောဆိုလေလျှင် ခင်စိန်ကြည်သည် မျက်နှာထားတင်းလျက် စကားတစ်ခွန်းမျှမပြောဘဲနေသည်ကို မောင်ထွန်းမြတ်လည်း မမြင်မိကုန်။

ထမင်းပွဲတွင် မဂျမ်းပုံက–

"မိမိရီက ဘာတဲ့လဲ" ဟုမေးလျှင်–

"အို... ကျွန်တော်နဲ့ကိစ္စတစ်ခုရှိလို့ပေါ့။ ဒီငါးမြည်းကြည့်စမ်း ခင်"

"မင်းတို့နှစ်ယောက်ဖတ်နေကြတာ ဘာလဲ စာနဲ့တူပါကလား" ဟု မဂျမ်းပုံက ထပ်၍မေးပြန်လျှင်–

မောင်ထွန်းမြတ်က ပြုံးရယ်၍ "အစ်မကြီးက ဘာတွေလျှောက်မေးနေသလဲ၊ မိန်းကလေးတစ်ယောက်က သူ့ရည်းစားကပေးတဲ့စာ ကျွန်တော့်ယုံလို့ပြလာရင် အစ်မကြီးပြန်ပြောလို့ ကောင်းနိုင်မလား"

"ဘာတွေ တောက်တီးတောက်တဲ့လျှောက်ပြောနေသလဲကွဲ့ မင်းက၊ သူလာတာ ဘာကိစ္စလဲပြောစမ်းပါ၊ အခုတစ်လော မိမိရီက မင့်ကိုခဏခဏ တွေ့ချင်ပါကလား"ဟု ပြောပြန်လျှင်–

မောင်ထွန်းမြတ်သည် ဣန္ဒြေရှိသောမျက်နှာနှင့် အစ်မကြီးအား လှမ်းကြည့်လိုက်ရာ မဂျမ်းပုံလည်းရိပ်မိ၍ "အရင်က အမှုပေါ်လာပြန်ပြီလားကွယ်" ဟု မေးလေ၏။

'အရင်ကအမှု' ဆိုသည်မှာ မဂျမ်းပုံသည် မောင်ဘချို၏အမှုအကြောင်းကိုဆိုလိုသည်ဖြစ်ရာ ခင်စိန်ကြည်မှာမူ မိမိရီနှင့် အရင်က ချစ်ကြိုက်ဖူးကြသည့်အကြောင်းကို ဆိုလိုသည်မှတ်ရှာ၏။

မောင်ထွန်းမြတ်လည်း "အစ်မကြီးကလည်း ထမင်းဖြောင့်ဖြောင့်စားမှာစားပါ၊ တွေ့ကရာတွေ လျှောက်မမေးပါနဲ့၊ မိန်းကလေးက ကိုယ့်ကို ယုံကြည်လို့ပြောတဲ့ဥစ္စာ၊ ကိုယ်က သူများပြောလို့ကောင်းနိုင်မလား၊ မဟုတ်ဘူးလားဗျာ ကိုသက်ညွန့်"ဟု မောင်သက်ညွန့်အား ပြုံးရယ်၍ မေးလိုက်လျှင် မောင်သက်ညွန့်လည်း ခင်စိန်ကြည်ကို ကြည့်၍ပြုံးလေ၏။

မဂျမ်းပုံလည်း နောက်ထပ်၍ စကားတစ်ခွန်းမျှမပြောဘဲ ထမင်းကိုသာ ငုံ့၍စားလေ၏။

ငင်းညဦးအိပ်ရာဝင်၌ ခင်စိန်ကြည်က–

"အခုတစ်လော မိမိရီက ဘာကိစ္စရှိလို့လဲ၊ ရှင်နဲ့ ခဏခဏတိုင်ပင်ကြပါကလား"

"မပြောကောင်းပါဘူးခင်ရယ်၊ ကိစ္စတစ်ခုရှိလို့ပေါ့"

"ဒီကိစ္စက ကျွန်မတောင် သိရမယ့်ကိစ္စမဟုတ်ဘူးလား"ဟု မေးလျှင် မောင်ထွန်းမြတ်သည် ဖွင့်၍ပြောလိုက်လျှင် ကောင်းမည်လောဟု အတန်ငယ်စဉ်းစားပြီးနောက်။

"မသိချင်ပါနဲ့ ခင်ရယ်၊ ဝမ်းသာရမယ့်စကားမဟုတ်ပါဘူး၊ မိမိရီတို့ မောင် မောင်ဘချိုအကြောင်းပါ"ဟု ပြောလျှင် ခင်စိန်ကြည်သည် အနည်းငယ်မျှယုံကြည်ခြင်းမရှိဘဲ "ငါ့အား ဖွင့်၍ပြောလျှင် ငါစိတ်ဆိုးမည်ကို သိ၍ အမှန်ကိုမပြောဘဲ လှည့်ပတ်ပြောဆိုလေတော့သည်"ဟု အောက်မေ့မိလေ၏။ မောင်ထွန်းမြတ်မှာမူ မိမိမယားသည် မိမိအား သင်္ကာမကင်းဖြစ်၍နေသည့်အကြောင်းကို မသိရှာသောကြောင့် ခင်စိန်ကြည်က ဆိတ်ဆိတ်နေလျှင်ပင် ကျေနပ်ပြီဟု အောက်မေ့လေ၏။

နောက်တစ်နေ့နံနက်၌ မောင်ထွန်းမြတ်သည် အိမ်ပေါ်မှဆင်းလာ၍ ဧည့်ခန်းတွင် မောင်သက်ညွန့်နှင့်တွေ့လျှင် မောင်သက်ညွန့်က "ကျွန်တော် မနက်ဖြန်ပြန်ရတော့မယ်၊ ကိုထွန်းမြတ်တို့အိမ်မှာ ယခုတည်းခိုနေထိုင်ရတဲ့အတွက် အပုံကြီးကျွန်တော်ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ရန်ကုန်ကိုလည်း သားရော၊ မယားရော တစ်ခါလောက်လာပြီးလည်စေချင်ပါတယ်၊ ဒီတော့မှ ကျွန်တော်က ကျေးဇူးဆပ်...."

"သီတင်းကျွတ်ရုံးပိတ်ရက်လောက်များ လာဖြစ်ကောင်းလာဖြစ်ပါလိမ့်မယ်၊ မနက်ဖြန်ပြန်တော့မလို့လား၊ နေပါဦးဗျာ၊ အရေးကြီးတဲ့ကိစ္စမရှိရင် တောင်ပြုန်းပွဲပြီးမှ ပြန်ပါတော့ဗျာ၊ ကျွန်တော်တို့လည်း တစ်အိမ်လုံးလိုက်ပို့ပါမယ်"

"မောင်သက်ညွန့်သည် ပြန်လိုသောစိတ်မရှိသော်လည်း ရက်စေ့၍သာ ပြန်ရမည်ဖြစ်နေသည်။ မောင်ထွန်းမြတ်က အတင်းတားလေလျှင် ပွဲပြီးမှပြန်တော့မည်ဟု ဆက်လက်နေထိုင်လျက်ရှိလေ၏။ မောင်ထွန်းမြတ်လည်း မောင်သက်ညွန့်အား ရှစ်နှစ်ခန့်ကျော်လွန်သည့်အခါက မန္တလေးသို့ မလာရောက်ဖူးပါလောဟု တီးခေါက်မေးမြန်းမည်ကြံရာ မိမိအကြံကိုရိပ်မိ၍ ပြန်သွားမည်ကိုစိုးသောကြောင့် မောင်ဘချိုလာသည်ကိုသာ စောင့်ဆိုင်းလျက်နေလေ၏. . ."

"မရောက်ဖူးလို့ တစ်ခေါက်လောက်တော့ ရောက်ချင်ပါရဲ့ဗျာ၊ သို့သော်ရက်လည်း တော်တော်ဝေးသေးလို့ ကျွန်တော့်အတွက် ဝန်တက်နေမှာ အားနာစရာကောင်းလှပါတယ်၊ ပွဲနီးမှ တစ်ခေါက်လာဦးမယ်"ဟု ပြောလျှင် "ကျွန်တော့်အိမ်မှာနေရတဲ့အတွက်တော့ အားနာစရာမရှိပါဘူးဗျာ၊ ဝန်လည်းမလေးပါဘူး၊ တောင်ပြုန်းပွဲပြီးမှပြန်ပါ"ဟု အတင်းတားလေလျှင်–

မောင်သက်ညွန့်သည် ပြန်လိုသောစိတ်မရှိသော်လည်း ရက်စေ့၍သာ ပြန်ရမည်ဖြစ်နေသည်။ မောင်ထွန်းမြတ်က အတင်းတားလေလျှင် ပွဲပြီးမှပြန်တော့မည်ဟု ဆက်လက်နေထိုင်လျက်ရှိလေ၏။ မောင်ထွန်းမြတ်လည်း မောင်သက်ညွန့်အား ရှစ်နှစ်ခန့်ကျော်လွန်သည့်အခါက မန္တလေးသို့ မလာရောက်ဖူးပါလောဟု တီးခေါက်မေးမြန်းမည်ကြံရာ မိမိအကြံကိုရိပ်မိ၍ ပြန်သွားမည်ကိုစိုးသောကြောင့် မောင်ဘချိုလာသည်ကိုသာ စောင့်ဆိုင်းလျက်နေလေ၏။

နံနက်စာစားပြီးကြလျှင် မောင်သက်ညွန့်သည် မောင်ထွန်းမြတ်နှင့်အတူ လမ်းလျှောက်၍ ရုံးအနီးသို့ရောက်အောင်လိုက်သွားပြီးလျှင် ပြန်လာရာ အိမ်ဦးခန်းတွင် ခင်စိန်ကြည်နှင့်တွေ့၍ မိမိရီသည် မောင်ထွန်းမြတ်ရုံးသို့အသွား လမ်းမှစောင့်၍ နာရီဝက်ခန့်မျှ စကားပြောနေကြကြောင်းကို ပြောလေ၏။

ခင်စိန်ကြည်လည်း မောင်သက်ညွန့်စကားကိုကြား၍ မောင်ထွန်းမြတ်နှင့် မိမိရီတို့အကြောင်းကို စဉ်းစားတွေဝေလျက်နေစဉ် အစေခံတစ်ယောက်သည် စာတစ်စောင်ကို ယူလာ၍ ခင်စိန်ကြည်အားပေးလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ညောင်ဦးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း ဒေသမျိုးဖီးကြမ်းငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး



ညောင်ဦး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(တက်သိမ်း) ကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရလိုအပ်ချက်ကို ရေရှည်တည်တံ့သောစိုက်ပျိုးရေးနည်းလမ်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကလေးများအာဟာရပြည့်ဝရေး၊ ငှက်ပျောစိုက်ပျိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၆ ရက်က ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းတို့ ဦးဆောင်မှုဖြင့် ဒေသမျိုးရင်း ဖီးကြမ်းငှက်ပျောပင်များ စိုက်ပျိုးခဲ့ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းပို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုတို့က ဒေသမျိုးဖီးကြမ်းငှက်ပျောပင်များ ပေးအပ်ရာ ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(တက်သိမ်း) ကျောင်းအုပ်ဆရာမကြီးနှင့်ရပ်မိရပ်ဖတစ်ဦးတို့ကလက်ခံ၍ ဖီးကြမ်းငှက်ပျောပင်များစုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ငှက်ပျောစိုက်ပျိုးနေသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းကော်မတီဝင်များအား တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ဒီပါလင်း**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကျားကဏန်းပိသာ ၄၆၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လတစ်လတာကာလအတွင်း ကျားကဏန်းပိသာ ၄၆၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ကေသီထွန်း၏ပြောဆိုချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်းက ကျားကဏန်းပိသာ ၄၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ ကျားကဏန်းပိသာ ၄၆၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဖျာပုံမြို့နယ်ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ရန်ကုန်ဈေးကွက်ကို ကျားကဏန်း ပိသာအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလည်း လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလည်း ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတဲ့အတွက် ဈေးကောင်းရရှိနေပါတယ်"ဟု ဒေါ်ကေသီထွန်းကပြောသည်။

အဆိုပါကျားကဏန်းများ အရောင်းကောင်းမွန်နေသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ထိုသို့ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား တီးမှုတ်ဂုဏ်ပြု အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ -ရုရှားနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

# ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သက်ကြီးရွယ်အိုဘိုးဘွား ၃၈ ဦးနှင့် နေပြည်တော်ကလေးပြုစုရေးဌာန၌ ကလေးငယ် ၃၇ ဦးကို စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးရွယ်အိုများအား အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုနှင့် အသိပညာများ ပြန်လည်ဝေမျှပေးနိုင်မှု၊ ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှု စသည့် ဝန်ဆောင်မှုများဆောင်ရွက်နေမှုနှင့် အဆိုပါဂေဟာ၌ နေပြည်တော်ကလေးပြုစုရေးဌာနရှိ ကလေးငယ်များ ပြုစုစောင့်ရှောက်ထားရှိမှုတို့ကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက်အလှူငွေနှင့် သက်ကြီးရွယ်အိုများအတွက် အာဟာရဖြစ်စားသောက်ဖွယ်ရာပစ္စည်းများနှင့်အလှူငွေများပေးအပ်လှူဒါန်းသည်။

အဆိုပါ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သက်ကြီးရွယ်အိုဘိုးဘွား ၃၈ ဦးနှင့် နေပြည်တော်ကလေးပြုစုရေးဌာန၌ ကလေးငယ် ၃၇ ဦးကို စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဆိုလာစွမ်းအင်သုံး EV



အားသွင်းစနစ်နှင့် စက်မှုလုပ်ငန်းပေါင်းစပ်စီမံကိန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လာရောက်ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ရင်ပြင်၌ နံရံကပ်ဖောင်းကြွရုပ်ပုံများနှင့် ရုပ်တုများ ထားရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားကာ ပြည်သူ့ရင်ပြင်သို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ




ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်တွင်ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိနယ်မြေခံတပ်၌ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်ဦး | ၃၅°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၅°C |
| ပဲခူး | ၃၄.၈°C |
| ကလေးဝ | ၃၄.၁°C |
| မှော်ဘီ | ၃၄°C |
| ရန်ကုန်(ကမ္ဘာအေး) | ၃၄°C |
| စစ်ကိုင်း | ၃၄°C |
| ပုသိမ် | ၃၄°C |
| မြင်းမူ | ၃၃.၉°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပေါင် | (၇.၁၆)လက်မ |
| စစ်တွေ | (၄.၉၂)လက်မ |
| နေပြည်တော်(ဒက္ခိဏသီရိ) | (၂.၅၃)လက်မ |
| သထုံ | (၂.၂၈)လက်မ |
| ကျိုက်မရော | (၂.၂၀)လက်မ |
| ခရမ်း | (၂.၀၈)လက်မ |
| မုဒုံ | (၂.၀၈)လက်မ |
| နေပြည်တော်(ဇေယျာသီရိ) | (၁.၉၇)လက်မ |
| ကော့ကရိတ် | (၁.၇၃)လက်မ |
| မော်လမြိုင် | (၁.၇၃)လက်မ |
| မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ) | (၁.၅၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၂၉ |
| ရှမ်း(အရှေ့) | ၂၃ | ၃၀ |
| ရှမ်း(တောင်) | ၁၈ | ၂၆ |
| ချင်း | ၁၅ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၃ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၆ | ၃၄ |
| မကွေး | ၂၄ | ၃၂ |
| ရခိုင် | ၂၄ | ၃၂ |
| ပဲခူး | ၂၃ | ၂၉ |
| ရန်ကုန် | ၂၅ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၂၀ | ၂၇ |
| ကရင် | ၂၅ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၄ | ၃၁ |

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပွဲစဉ်ပထမနေ့ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဩဂုတ်လ ၂၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၁ စင်တီမီတာ (၂ ပေခန့်)အလိုတွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၆၃/၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)
**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးအား နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၄/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးရဲထွန်းဦးအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁/၂၀၂၆)ကို ရုံးထိုင်ကြားနာ

**နေပြည်တော်  ဩဂုတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

မြဝတီ

## အာဖရိကဝက်အပြင်းဖျားရောဂါ (ASF) နှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများသိရှိလိုက်နာရန် အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ဖြစ်ပွား၍ သေဆုံးသောဝက်သားများကို စားသုံးမိပါက လူများပါ ရောဂါကူးစက်နိုင်သည်ဟူသော မှားယွင်းသည့် ကောလာဟလသတင်းများ ပြည်သူလူထုအတွင်း ထွက်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများမရှိစေရန်နှင့် အချက်အလက်မှန်ကန်စွာသိရှိနိုင်စေရန် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တို့၏ သိပ္ပံနည်းကျအတည်ပြုချက်များအရ အောက်ပါအတိုင်း အသိပေးရှင်းလင်းအပ်ပါသည်–

(၁) **လူသားများသို့မကူးစက်ခြင်း –** အာဖရိကဝက်အပြင်းဖျားရောဂါ (ASF) သည် ဝက်များကိုသာ အဓိကကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လူသားများသို့ လုံးဝ (လုံးဝ) မကူးစက်တတ်ပါ (Not zoonotic)။ သေဆုံးသွားသော ဝက်၏အသားကို စားသုံးမိခြင်းကြောင့် လူ၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခြင်းမရှိပါ။

(၂) **အစားအသောက်ဘေးကင်းလုံခြုံရေး (Food Safety) –** ဗိုင်းရပ်စ်ကိုယ်တိုင်က လူကို မကူးစက်သော်လည်း ရောဂါဖြစ်ပွားသော ဝက်သားများတွင် အခြားသော ဗက်တီးရီးယားပိုးမွှားများ တွဲဖက်ပါရှိလာနိုင်ခြေရှိသဖြင့် သံသယရှိသည့်အသားနှင့် အသားထွက်ပစ္စည်းများကို ဝယ်ယူစားသုံးခြင်းမပြုပါရန်နှင့် ဝယ်ယူရာတွင်လည်း သန့်ရှင်းလတ်ဆတ်မှုကို ဂရုစိုက်ရန်နှင့် စားသုံးရာတွင် အပူချိန်လုံလောက်စွာပေး၍ အနည်းဆုံး 70°C နှင့်အထက်ဖြင့် ကျက်အောင် (စနစ်တကျ) ချက်ပြုတ်စားသုံးကြရန်လိုအပ်ပါသည်။

(၃) **ဈေးကွက်အတွင်း စစ်ဆေးမှုများ** – သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု ကွင်းဆက်တစ်လျှောက်တွင် ကျန်းမာရေး စစ်ဆေးမှုများကို အထူးကြပ်မတ်လုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့် အသားများကို လုံလောက်စွာအပူပေး၍ ချက်ပြုတ်စားသုံးကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်ကို တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးသို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့ပါသည်။

ယခုအခါ MCCT အစီအစဉ်၏ နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေး လိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ကောက်ယူခြင်းကိုသာ ဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ) မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ (Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများ စာရင်းကောက်ခံခြင်းအဆင့် ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## “ ပြည်သူ့ကြားက ပြည်သူ့စကား ”အစီအစဉ်


မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသောပြည်သူများ”** ခေါင်းစဉ်ဖြင့် ၁၉–၈–၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆–၈–၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက်၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော်  ဩဂုတ် ၁၇**

ယနေ့နံနက် ၁၀ နာရီ ၄၁ မိနစ် ၀၄ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့–အရှေ့မြောက်ဘက် ၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဇမ္ဗူသီရိမြို့နယ်၏ အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)



၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ မြန်မာစံတော်ချိန် (၁၀) နာရီ၊ (၄၁) မိနစ်၊ (၀၄) စက္ကန့် အချိန်တွင် လှုပ်ရှားခဲ့သော မြေငလျင်ဗဟိုချက်ပြမြေပုံ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၅˚c | / | ၃၂˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များဆောင်ရွက်ပေး



နေပြည်တော်   ဩဂုတ်   ၁၇

မြစ်ကြီးနားမြို့ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌အသက်၁၀နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများကို လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်တာဝန်ရှိသူများက ကာယကံရှင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့်ကျောင်းသားကျောင်းသူများအား စိစစ်၍ နိုင်ငံသားကတ်ပြားထုတ်ပေးရေး လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးနေမှု အခြေအနေများကို အဆိုပါကျောင်း၌ ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် နယ်မြေဒေသလုံခြုံရေးအခြေအနေအရ မြစ်ကြီးနားမြို့ရှိ လဝကဝန်ထမ်းအိမ်ရာ၌ ယာယီရုံးများအဖြစ် ဖွင့်လှစ်ထားရှိသည့် ချီဖွေ၊ ဆော့လော်၊ ဗန်းမော်၊ မန်စီ၊ ဖားကန့်နှင့် ဝိုင်းမော် ယာယီမြို့နယ်ဦးစီးမှူးရုံးများ၌ ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများ၊ e-ID စနစ်ဖြင့် UID ကောက်ယူထုတ်ပေးခြင်းလုပ်ငန်းများ စိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး မြစ်ကြီးနားမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင်နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ကချင်ပြည်နယ်ဦးစီးမှူးရုံးဝင်းအတွင်း ယာယီရုံးအဖြစ်ဖွင့်လှစ်ထားရှိသည့်ဗန်းမော်ခရိုင်ဦးစီးမှူးရုံးနှင့် မိုးမောက်၊ ဆွမ်ပရာဘွမ်မြို့နယ် ဦးစီးမှူးရုံးများအခြေအနေကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာအခက်အခဲများကိုမေးမြန်းဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီး၍ ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး အထူးဦးစားပေးဆောင်ရွက်ပေးလျက်ရှိ

မော်လမြိုင်   ဩဂုတ်   ၁၇

မွန်ပြည်နယ်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး၍ ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် အရင်းအနှီးချေးငွေများ ထုတ်ချေးပေးနိုင်ရေးကို အထူးဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီး သူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြား၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး၍ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေးဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ရေဘေးကာကွယ်ရေး တာတမံများ ဘေးကင်းလုံခြုံရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော်   ဩဂုတ်   ၁၇

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင်ကျေးရွာအုပ်စု စာနီစုကျေးရွာ အနီးရှိရေဝတီအရှေ့ဘက်ကမ်းတာ တာမိုင်(၉/၀)၌ ကမ်းရင်းတာ ကမ်းပါးရေတိုက်စားမှုဖြစ်ပေါ်ခဲ့မှုအပေါ် ကာကွယ်ထားရှိမှုနှင့် ပန်းတာကြံ့ခိုင်ရေး ပြင်ဆင်ထားရှိမှု၊ ပန်းတာအနောက်ဘက်ခြမ်း သဲအိတ်ထောက်ခြင်း၊ တာထိပ်မျက်နှာပြင် သဲအိတ်ထပ်ပိုးခြင်းဖြင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည့် နေရာများတွင် ရေစိမ့်ထွက်မှုမရှိစေရေး Geo Textile စများဖြင့် ကြိုတင်ကာကွယ်ထားရှိရန်၊ အရေးပေါ်အခြေအနေကြုံတွေ့လာပါက ထိရောက်လျင်မြန်စွာတုံ့ပြန်ကာကွယ်နိုင်ရေး အရေးပေါ်ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်းနှင့် ရေကင်းလှည့်တာဝန်များအား ၂၄ နာရီမပြတ် စောင့်ကြည့်စစ်ဆေးကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိရေဝတီအရှေ့ဘက်ကမ်း အဖျောက်တာကြံ့ခိုင်မှုအခြေအနေ၊ အရေးပေါ်ပစ္စည်းများစုဆောင်းထားရှိမှု၊ ရေကင်းစခန်းများနှင့် ရေကင်းလှည့်ဇယားများ၊ တာဝန်ချထားမှုအခြေအနေများ၊ ကမ်းစားမှုကာကွယ်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအားပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ ဩဂုတ်လ ၁၅ ရက်က ညောင်တုန်းမြို့နယ် ချောင်းကြီးရွာနှင့် ဂန်ချောင်းရွာအနီး ရေဝတီမြစ်ခွဲ ညောင်တုန်းကျွန်းတာကြံ့ခိုင်မှုအခြေအနေ၊ တာရှေ့ ရေထိမျက်နှာပြင်လျှောစောက်မြေသား ရေတိုက်စားမှုလျော့နည်းစေရေး ရေကာတန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး မြစ်ရေထိတွေ့နိုင်သော ရှေ့အလျှောမြေသား လျှောစောက်အခြေမှ တုတ်တန်းရိုက်သဲအိတ်ချရေကာတန်းများ ပြုလုပ်၍ ထိရောက်စွာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေး တာတမံဘေးကင်းလုံခြုံရေးဆိုင်ရာဆောင်ရွက်သင့်သည်များကိုဆွေးနွေးမှာကြားသည်။ **မြဝတီ**



# အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ကူးစက်ပျံ့နှံ့လွယ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အလွယ်တကူဖောက်ဖျက်ကျူးလွန်ခြင်းများကို သတိပြုရှောင်ကြဉ်ရန်လိုအပ်





နေပြည်တော်   ဩဂုတ်   ၁၇

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ကူးစက်ပျံ့နှံ့လွယ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အလွယ်တကူဖောက်ဖျက်ကျူးလွန်ခြင်းများကို သတိပြုရှောင်ကြဉ်ရန်၊ အဂတိလိုက်စားမှုမြင့်မားပါက ဆင်းရဲနွမ်းပါးမှု ပိုမိုမြင့်မားလာမည်ဖြစ်၍ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာကြရန် ယနေ့နံနက်ပိုင်းတွင်နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားတွင် အဂတိတိုက်လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက တိုက်တွန်းပြောကြားသည်။

အလားတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အခွန်အယူခံခုံအဖွဲ့၏ဆောင်ပုဒ်မှာ **"ယုံကြည်မျှတ၊ မှန်ကန် အခွန်အယူခံ"** ဖြစ်ကြောင်း၊ အယူခံဝင်လိုသူ၊ အခွန်ထမ်း သို့မဟုတ် ပြည်သူလူထုနှင့် တွေ့ထိဆက်ဆံရသည့် အဖွဲ့လည်းဖြစ်ကြောင်း၊ ဝန်ထမ်းများသည် အသေးစား အဂတိလိုက်စားမှုပင်မရှိဘဲ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအရည်အသွေးပြည့်မီ တိုးတက်ကောင်းမွန်စေရန် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည်နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို မသမာသောနည်းဖြင့် ခိုးယူနေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲများမှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စရပ်များကို အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ထင်း ခေါင်းဆောင်၍ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံးမှ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။

**မြဝတီ**

## ၁၇-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)** ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ




ကျိုက်လတ် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ရွှေရောအောင်ခန်းမ၌ ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးမြို့နယ်အဆင့် ပြိုင်ပွဲကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး မြို့နယ်အဆင့်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ ဝါသနာရှင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးခိုင်ဝင်းအောင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကြည်ကိုကို၊ ဦးဇော်ဝေထက်နှင့် ဦးစိန်မြင့်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အကဲဖြတ်ဒိုင်များ၊ ဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ မိုးစပါး ဧက ၃၀၀၀၀ ကျော် စိုက်ပျိုး



ကျွန်းလှ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ သီနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးကြရာ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် တစ်မြို့နယ်လုံး မိုးစပါးစိုက်ပျိုးဖို့ ၃၅၆၉၆ ဧက လျာထားပြီး ယနေ့အထိ ဧက ၃၁၉၄၀ စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ဇွန်လဆန်းကစတင်ပြီး ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင်ပြီး ပျိုးထောင်စိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ သမန်းနှိုး ပေါင်းထိုးပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး အသိပညာ ပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးကြသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ငဖဲ ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၆ ရက်တွင် မြို့နယ်အားကစားကွင်း၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အခြေခံပညာအလယ်တန်းဆင့် ပထမဆုရရှိသည့် ဘုရင့်နောင်ဘောလုံးအသင်းနှင့် အခြေခံပညာအထက်တန်းဆင့် ပထမဆုရရှိသည့် အလောင်းဘုရားဘောလုံးအသင်းတို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူးဇော်ဝင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလားများကို အသီးသီးပေးအပ်ကြသည်။

အဆိုပါကျောင်းကောင်စီဥက္ကဋ္ဌဖလားမိုးရာသီ ဘောလုံးပြိုင်ပွဲကို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ငဖဲမြို့အခြေခံပညာအထက်တန်းကျောင်းမှ အခြေခံပညာ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ဘောလုံးအသင်း ရှစ်သင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**မယု(ငဖဲ)**

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နှာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ၊ ဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# မြင့်မြတ်သော စွမ်းအားရှင်

❒ သစ္စာကို သံမှိုနှက်သို့
လေးချက်ကယ် ဦးထိပ်တင်။
ကျေပွန်စွာ ပြည်ရွာအရေးကိုဖြင့်
မနှေးပန်ဆင်။
သွေးအသက်ပင်လျှင်
ပေးဆက်အစဉ် တပ်မတော်သား။
ရဲသွေးနီနီ မကြောက်မရွံ့
နောက်တွန့်မသွား။

❒ ထင်ပေါ်ရန် အလေးမထား
အသွေးအသား ပေးလှူ။
အဖျက်ရန်စွယ် ကင်းစင်ပဖို့
နိုးထကာ မာန်ဟုန်ဝင့်လျက်
အသင့်နေသူ။
အောင်ပန်းဆင့် သည်ဇမ္ဗူ
အောင်လံထူ သမိုင်းတစ်လျှောက်။
တိုင်းပြည်ဂုဏ် အစဉ်မညှိုးဖို့
တန်ခိုးသူမောက်။

❒ စိမ်းလန်းသာ လမ်းတစ်လျှောက်
တံတားဆောက် လမ်းဖောက်သည်။
မီးရေလေ သဘာဝဘေးလည်း
မနှေးကူညီ။
ဖြူစင်ရင်တွင်း သန္တေတည်
ဓာနည်မောင် စစ်သည်အပေါင်း။
နိုင်ငံတော်အင်အားတစ်ရပ်ပေမို့
မြတ်သူရဲကောင်း။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၈-၈-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် |
| ၆။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၇။ | ၀၉:၅၀ | တွေးမယ်ဖြေမယ် |
| ၈။ | ၁၀:၄၅ | စိုက်ပျိုးသုတ |
| ၉။ | ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၀။ | ၁၂:၁၅ | လေးစားအတုယူ စံနမူနာ သူရဲကောင်းများ |

# အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားများအတွက် ကျောက်ကပ်သွေးသန့်စင်ဆေးကြောစက်တပ်ဆင်ပြီး ကျန်းမာရေးဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ထန်းတပင်မြို့နယ်ရှိအလုပ်သမားဆေးရုံ (ထန်းတပင်)တွင် နာတာရှည်ကျောက်ကပ် ရောဂါခံစားနေရသော အာမခံအလုပ်သမား များအတွက် ကျောက်ကပ်သွေးသန့်စင် ဆေးကြောစက်တပ်ဆင်ပြီး ကျန်းမာရေး ဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း အဆိုပါဆေးရုံမှ သိရ သည်။

အဆိုပါဆေးရုံတွင် ကျောက်ကပ် သွေးသန့်စင်ဆေးကြောစက်တပ်ဆင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မည့် နေရာနှင့်ဆောင်ရွက်နိုင်မည့်အခြေအနေကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ်ဆေးရုံတက်ရောက် ကုသနေသော အာမခံအလုပ်သမားလူနာ များကိုလည်း လှည့်လည်ကြည့်ရှုပြီး အားပေး စကားပြောကြားခဲ့သည်။

ထို့အတူ အလုံမြို့နယ် လူမှုဖူလုံရေး ရုံးဝင်းအတွင်းရှိ ပျက်စီးနေသော လူမှုဖူလုံ ရေးရုံးနှင့်ဆေးခန်း၊ ကြည့်မြင်တိုင်မြို့နယ် လူမှုဖူလုံရေးဆေးခန်း အဆောက်အအုံ ဟောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်ရမည့် အဆောက် အအုံများနှင့် အသစ်ထပ်မံတည်ဆောက် ရမည့်အဆောက်အအုံများကို ရေရှည် တည်တံ့နိုင်စေရေး အစီအစဉ်များ ရေးဆွဲ ဆောင်ရွက်သွားရန်မှာကြားသည်။



ယနေ့နံနက်ပိုင်းတွင်လည်း လှိုင်သာယာ မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဆိုင်ရာသင်တန်းကျောင်း၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဆိုင်ရာကော်မတီဝင်များအတွက် ဖွင့်လှစ်ခဲ့ သည့် သင်တန်းအမှတ်စဉ် (၁၄/၂၀၂၆) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာ စကားပြောကြားပြီး သင်တန်းသားများကို သင်တန်းပြီးမြောက်ကြောင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဆိုင်ရာကော်မတီဝင်များ၏ ဘာသာရပ် ဆိုင်ရာ အရည်အသွေးတိုးတက်စေရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် တည်ထောင်ရာတွင် အထောက်အကူဖြစ် စေရန်နှင့် ကော်မတီဝင်များ၏အသိအမြင် များတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ် ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ လစဉ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကာ လက်ရှိအချိန် ထိ စက်ရုံ ၁၂၈၅ ရုံမှ သင်တန်းသား ၁၃၇၇ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# ရေလဲကြီးကျေးရွာနှင့် သာရဝေါကျေးရွာတို့မှ အိမ်ထောင်စု ၄၂၈ စုအတွက် စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင် ကွင်းကျေးရွာအုပ်စု အုန်းပင်ကွင်းဆည်မြောင်း မြစ်ကမ်းပန်းတာထိပ်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသော ရေလဲကြီးကျေးရွာ နှင့် သာရဝေါကျေးရွာတို့မှ အိမ်ထောင်စု ၄၂၈ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲ ခြောက်၊ ရေသန့်ကတ်၊ ရေသန့်ဘူးကြီးနှင့် ဆေးဝါးများကို ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ က လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရ သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသ ကြီးဝန်ကြီးများသည် တိုက်ကြီးမြို့နယ် အဖျောက်မြို့အတွင်းရှိ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကြွေပုဂံချောင်း ကျေးရွာအုပ်စုရှိ အဖျောက်ကမ်းရင်းတာ မိုင်တိုင်(၄၄/၂)မှ ပန်းတာအတွင်းသို့ ရေဝင်ရောက်နေမှုနှင့် ရေကင်းစခန်းများ ချထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များကို မှာကြားပြီး အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ဘားလားကျေးရွာအုပ်စု အမှတ်(၇) လမ်းဘေးရှိ Yangon Motor Sport Complex(YMC) ဖွင့်ပွဲသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ YMC မှ တာဝန်ရှိသူ များက Yangon Motor Sport Complex (YMC) ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ် က အဖွင့်အမှာစကားပြောကြားကာ YMC Workshop နှင့် ကားမောင်း လေ့ကျင့်ရေးကွင်းတွင် ထိုင်းနိုင်ငံမှ Drift ကားမောင်းချန်ပီယံက သရုပ်ပြမောင်းနှင နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# MPT က ဧရာဝတီတိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

MPTကဧရာဝတီတိုင်းဒေသကြီးငါးသိုင်း ချောင်းမြို့ရှိရေတံခွန်ဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူ များနှင့် လေးမျက်နှာမြို့နယ် ပြန်လည် ထူထောင်ရေးအဖွဲ့တို့အတွက် ထောက်ပံ့ ပစ္စည်းများကို ယမန်နေ့က သွားရောက် ပေးအပ်ခဲ့ကြောင်း ရန်ကုန်မြို့ MPT ရုံးချုပ် မှသိရသည်။

ထိုသို့ သွားရောက်ပေးအပ်ရာတွင် ရေဘေးသင့်အိမ်ထောင်စုပေါင်း ၃၀၀ ကျော်အတွက် အခြေခံစားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားလိုအပ် သည့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် ဒေသတွင်း ဆက်သွယ်ရေးလိုအပ်ချက်ကို ပံ့ပိုးမှုအဖြစ် B2B ဂြိုဟ်တုအင်တာနက်စက် (B2B Satellite Terminals) နှစ်ခုနှင့် ရွှေ့ပြောင်း သယ်ဆောင်နိုင်သော မိုဘိုင်းအခြေစိုက် စခန်း (Cell on Wheels – COW) တစ်ခုကို တပ်ဆင်ပေးခဲ့ပြီး အင်တာနက်ဒေတာ၊ ဖုန်းခေါ်ဆိုမှုနှင့် စာတို(SMS) ပေးပို့ခြင်း ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

"သဘာဝဘေးထိခိုက်ခံစားခဲ့ရတဲ့ ဧရာဝတီတိုင်းဒေသကြီးက ပြည်သူတွေနဲ့ ထပ်တူ ကျွန်တော်တို့ MPT အနေနဲ့ ထိခိုက် ခံစားရပါတယ်။ ရေဘေးသင့်ပြည်သူတွေ လိုအပ်တဲ့ အထောက်အပံ့ပစ္စည်းနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေ တစ်ဖက် တစ်လမ်းက ကူညီပေးနိုင်တဲ့အပေါ် ဝမ်းသာ ကြည်နူးဖြစ်ရပါတယ်" ဟု MPT–KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်ရေး ဌာနအရာရှိချုပ် ဦးရဲမင်းဦးကပြောကြား သည်။

MPT အနေဖြင့် ရေဘေးသင့်ပြည်သူ များအား ကူညီထောက်ပံ့မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်




# ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ ဂဟေသင်တန်းဖွင့်

ဘားအံ ဩဂုတ် ၁၇

နည်းပညာနှင့် စက်မှုလက်မှုလုပ်ငန်း များ တိုးတက်များပြားလာသည်နှင့်အညီ ကျွမ်းကျင်လုပ်သားလိုအပ်မှု များပြားလာ သည့်အတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ ဂဟေ သင်တန်းကို ဖွင့်လှစ်သည်။

ယနေ့ဖွင့်လှစ်သည့် ဂဟေသင်တန်းမှ အရည်အချင်းပြည့်မီသော ကျွမ်းကျင် လုပ်သားကောင်းများ ပေါ်ထွန်းလာစေရေး အတွက်လုပ်ငန်းခွင်အတွင်းလုံခြုံဘေးကင်း စွာလုပ်ကိုင်နိုင်ရေးနှင့် အရည်အသွေး ပြည့်မီသော ဂဟေဆက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို စနစ်တကျ လေ့ကျင့်သင်ယူခွင့်ရရှိကြမည်ဖြစ်ပြီး အထူးသဖြင့် ဂဟေဆက်ခြင်းပညာရပ် သည် ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှု လုပ်ငန်း၊ သံထည်လုပ်ငန်းနှင့် အခြား သောနည်းပညာဆိုင်ရာ လုပ်ငန်းကဏ္ဍ အသီးသီးတွင် မရှိမဖြစ်လိုအပ်သည့် အရေး ပါသော အသက်မွေးဝမ်းကျောင်းပညာရပ် တစ်ခုဖြစ်ကာ သင်တန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက် ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေးရေး လုပ်ငန်းကော်မတီ မှကြီးမှူး၍ ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ ကျင့်ရေးသင်တန်းကျောင်း(ဘားအံ)၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီး ဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဖွင့်လှစ် ခဲ့သောသင်တန်းများမှ ဆောင်ရွက်ချက် များကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက တစ်လကြာ စာတွေ့လက်တွေ့ သင်တန်းတက်ရောက် ကြမည့် သင်တန်းသား ၂၀ ဦးကို နှုတ်ဆက် အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင် များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးသီးနှံစိုက်ကေများထိခိုက်မှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မုံရွာ ဩဂုတ် ၁၇

တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင်/မြို့နယ်များအတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးလျက်ရှိသည့် စပါး၊ ပဲစင်းငုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုးနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ခင်းများ ထိခိုက်ခဲ့ပါကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးသီးနှံများ အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးသွားရေး၊ စိုက်ပျိုးမြေများပြန်လည်တမန်းနှိုးခြင်းများဆောင်ရွက်သွားရေးနှင့် ဒေသခံတောင်သူများလိုအပ်သည့် မျိုး၊ လယ်ယာသုံးစက်မောင်းဆီ၊ သွင်းအားစု ဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများမှ ပူးပေါင်းဆောင်ရွက်ကာ လိုအပ်သည်များပံ့ပိုးကူညီဆောင်ရွက်ပေးသွားကြရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုးသီးနှံ စိုက်ဧကများထိခိုက်မှုအပေါ် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဓာတ်မြေဩဇာများအား အသင့်စုဖွဲ့ထားရှိပြီး စက်သုံးဆီလိုအပ်ချက်အပေါ် ခွင့်ပြုပေးထားပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌စိုက်ပျိုးထားရှိသည့်မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိအောင် ဌာနဆိုင်ရာများ၊ဒေသခံတောင်သူများကအလေးထားကာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ဌာနများအလိုက် စီမံဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆)သင်တန်းဖွင့်






ရန်ကုန် ဩဂုတ် ၁၇

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်၊

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက သင်တန်းသား၊ သင်တန်းသူများသည် ပြန်တမ်းဝင်အရာရှိဖြစ်လာရန် အရည်အချင်းစစ်ဆေးမှုအဆင့်ဆင့်ကိုကျော်ဖြတ်ပြီးမှ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၌ လစ်လပ်လျက်ရှိသော စတင်ခန့်ရာထူးနေရာများအတွက် ရွေးချယ်ခံခဲ့ကြရသူများဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)ကို စံပြအဖြစ်ကိုယ်တိုင်လိုက်နာပြီး လက်အောက်ဝန်ထမ်းများကို လမ်းညွှန်ပေးရန်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး အလုပ်အပေါ်စေတနာထားကာ အနာဂတ်အတွက် အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး အားထုတ်ကြရန်တိုက်တွန်းမှာကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆)သို့ သင်တန်းသား ၃၉ ဦး၊ သင်တန်းသူ ၁၀၇ ဦး စုစုပေါင်း ၁၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ်လ ၁၇ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်အစည်းအဝေးခန်းမတွင် တက္ကသိုလ်မှပညာရပ်အဖွဲ့နှင့် တွေ့ဆုံ၍ပညာဌာနများမှသင်တန်းအလိုက် ဆွေးနွေးပို့ချသည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအပေါ် သုံးသပ်တင်ပြခြင်းအစီအစဉ်သို့ တက်ရောက်ပြီး ပြင်ဆင်ဖြည့်စွက်သည့်ကိစ္စရပ်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။ မြဝတီ




⊃ လေဖိအားနည်းရပ်ဝန်းမှ

လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ်လ ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသောအားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

⇨ ရှေ့ဖုံးမှအဆက်

မုန်တိုင်းငယ် (Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများသို့ရောက်ရှိခဲ့ကာ ဆက်လက်တည်ရှိနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဂျက်ခမ်းပြည်နယ်နှင့် ဘီဟာပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/ဇလ)

# အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၇)သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၇

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၇)၏သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ် ဦးကျော်စိုး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက နိုင်ငံ့ဝန်ထမ်းတိုင်းသိသင့်သိထိုက်သည့် နယ်ပယ်အသီးသီးကို နှံ့နှံ့စပ်စပ်နားလည်သိရှိပြီးအစဉ်တိုးတက်အောင် လေ့လာဆည်းပူးကြရန်နှင့် ယခုသင်တန်းမှ ဘွဲ့လွန်ဒီပလိုမာနှင့် သင်တန်းဆင်းလက်မှတ်နှစ်ခုစလုံးပေးအပ်ချီးမြှင့်မည်ဖြစ်သည့်အတွက် သင်ကြားပို့ချမှုများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အထူးကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၇ ဦး၊ သင်တန်းသူ ၈၀ ဦးစုစုပေါင်း ၁၄၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် နဝရတ်ခန်းမ၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၈)၏သင်ခန်းစာပို့ချနေမှု၊ နီလာခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅)၏သင်ခန်းစာပို့ချနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ ရုပ်ရှင်အခြေခံ အဆောက်အအုံများ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုလေ့လာ



နေပြည်တော် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယမန်နေ့နံနက်ပိုင်းက အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ Ramoji Film City နှင့် Eenadu Television-ETV ရှိ ရုပ်ရှင်ရိုက်ကူးရေးနှင့် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါ Ramoji Film City နှင့် ETV ရှိ ရုပ်ရှင်အခြေခံအဆောက်အအုံများဖြစ်သည့် ရုပ်ရှင်ရိုက်ကူးရေးစတူဒီယိုများ၊ အဆောက်အအုံများအားဖန်တီး၍ဇာတ်ဝင်ခန်းများ ပြုလုပ်ဖန်တီးထားမှု၊ Virtual Effect များ၊ Stunt Show နှင့် Live Performance များ ဆောင်ရွက်နေမှုများ၊ ရုပ်ရှင်အခြေပြုခရီးသွားလုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများကို တစ်နေရာတည်းတွင် ပေါင်းစပ်ထားမှုများ၊ Satellite ဂြိုဟ်တုအသုံးပြု၍ တိုက်ရိုက်ထုတ်လွှင့်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် The National Bank for Agriculture and Rural Development-NABARD ၏ Former Chairman ဖြစ်သူ Dr. G. R Chintala နှင့် Indian Telephone Industries Limited-ITI ၏ Director ဖြစ်သူ Mr. Ramana Babu တို့နှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြန်ကြားရေးကဏ္ဍ အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ယနေ့တွင် ဟိုက်ဒရာဘတ်မြို့ရှိ Object One Co.,Ltd. မှ တာဝန်ရှိသူများက Over The Top (OTT) Platform Development & Radio, Film & TV Content Creation၊ TeleguOne Platform နှင့်ပတ်သက်၍လည်းကောင်း၊ Kalgudi Co., Ltd. က Digital Inititives လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပြန်ကြားရေးလုပ်ငန်းများ၊ ရုပ်ရှင်လုပ်ငန်းများ၊ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများအားလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ



# တောင်ကြီးမြို့၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများဆောက်လုပ်လျက်ရှိ

တောင်ကြီး ဩဂုတ် ၁၇

တောင်ကြီးမြို့ ကံကြီးရပ်ကွက် ထီဖောင်းကျေးရွာအုပ်စုတွင် (၄)ခန်းတွဲ (၄) ထပ် နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တောင်ကြီးမြို့ ထီဖောင်းကျေးရွာတွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများ အကွက်ချပုံစံ၊ အခန်းဖွဲ့စည်းပုံတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ဖလမ်းမြို့အတွင်း ရုံးသုံးဆိုလာလျှပ်စစ်မီး တပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဖလမ်း ဩဂုတ် ၁၇

ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရုံးလုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးအလိုက် ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ပေးလျက်ရှိကြောင်း၊ ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးတွင် 6kv Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

6kv Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်ခြင်းဖြင့် ရုံးသုံး Computer နှင့် Printer ငါးစုံ၊ ၂၀ ဝပ်အားသုံးလျှပ်စစ်မီးလုံး ၂၀ အပါအဝင် အခြားလျှပ်စစ်ပစ္စည်း ၁၀၀၀ ဝပ် ပမာဏ ခန့်သုံးစွဲနိုင်မည်ဖြစ်ပြီး ထိုသို့ ရုံးသုံးဆိုလာလျှပ်စစ်မီး တပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၂၄၀ အား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ခရိုင်သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များကို မူလပုံသဏ္ဌာန် မပျက်ထိန်းသိမ်းပြုပြင်ရန် မှာကြားသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် တီးတိန်မြို့မရဲစခန်း စခန်းရုံးသစ်အဆောက်အအုံ၊ တီးတိန်မြို့ခုတင် - ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း စားရိပ်သာနှင့် သင်တန်းသူ နှစ်ထပ်အိပ်ဆောင်၊ မြေထိန်းနံရံဆေးသုတ်ခြင်းလုပ်ငန်းနှင့် စည်ပင်သာယာရေးအဖွဲ့က တီးတိန်-ငင်နူန်းသွားလမ်းတစ်လျှောက် သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များသည် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများဖြစ်သည့် ရုပ်သံထပ်ဆင့်လွှင့်ရုံ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း ကျောင်းသားအိပ်ဆောင်၊ စတိုဆောင်နှင့် ထမင်းစားဆောင်ပြုပြင်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ





➤ ရှေ့ဖုံးမှအဆက်

ထို့ပြင် ဟုမ္မလင်းမြို့နယ်တွင်လည်း ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် GSM မိုဘိုင်းစခန်း ၁၅ ခုကို ဖုန်းခေါ်ဆိုမှု(အသံ)၊ စာတိုပေးပို့မှု (SMS) ဖွင့်လှစ်အသုံးပြုပေးထားကာ Transmission အဝေးဆက်ကြောင်းလိုင်းဆိုင်ရာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေသေးသဖြင့် ပြည်သူများဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့်သတ်မှတ်နေရာတွင် အင်တာနက်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

အလားတူ ဖောင်းပြင်မြို့နယ်တွင်လည်း မိုက္ကရိုဝေ့အဝေးဆက်ကြောင်းနှင့် ပင်မဖိုက်ဘာဆက်ကြောင်းပြတ်တောက်မှုဖြစ်ပွားနေရခြင်းအတွက် လက်ရှိတွင် ဂြိုဟ်တု ဆက်သွယ်ရေးစနစ်အသုံးပြု၍ ဖောင်းပြင်မြို့နယ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများပေးအပ်နိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မှတ်သားဖွယ်ရာမိုးရေချိန်များ ၁၇-၈-၂၀၂၄

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပေါင် | ၇ | ဒသမ | ၁၆ | လက်မ | ကျိုက်မရော | ၂ | ဒသမ | ၂၀ | လက်မ |
| စစ်တွေ | ၄ | ဒသမ | ၉၂ | လက်မ | ခရမ်း | ၂ | ဒသမ | ၀၈ | လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၂ | ဒသမ | ၅၃ | လက်မ | မုဒုံ | ၂ | ဒသမ | ၀၈ | လက်မ |
| | | | | | ကော့ကရိတ် | ၁ | ဒသမ | ၇၃ | လက်မ |
| သထုံ | ၂ | ဒသမ | ၂၈ | လက်မ | မော်လမြိုင် | ၁ | ဒသမ | ၇၃ | လက်မ |

# မြစိမ်းကတ္တီပါ ကော်ဇောမှာဝယ် စုန်ကာဆန်ချီလို့ကူ ပြည်သူများအတွက် DEMU

မြန်မာ့မီးရထားလုပ်ငန်း၏ပို့ဆောင်ရေးကဏ္ဍသည် မျက်မှောက်ကာလ၌ လွန်စွာတိုးတက်ပြောင်းလဲလာသည်ဟုဆိုရမည်။ တိုးတက်လာမှုနှင့်အတူ ပြည်သူတို့၏ ခရီးသွားလာမှုများ၌လည်း များစွာအထောက်အကူပြုနေပြီဖြစ်သည်။ ယနေ့ပြည်သူများကြားတွင် တစိမ့်စိမ့်နှင့် ထိုးဖောက်လာနိုင်သည်မှာ ခေတ်မီ DEMU ( Diesel Electric Multiple Unit) ရထားများပင်ဖြစ်၏။ ခရီးသွားပြည်သူများလည်း ပိုမိုစိတ်ဝင်စားလာကြသည်။ စာရေးသူလည်း အခါအခွင့်ကြုံ၍ စီးနင်းဖြစ်သည်။ ခေတ်မီလာသည့် DEMUနှင့်အတူ အခြားသော ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့မီးရထားလုပ်ငန်း၏ပြင်ဆင်ထားရှိမှု၊ လိုက်ပါစီးနင်းလာသည့် ခရီးသည်များ၏ လူမှုဘဝမြင့်မားလာမှုပုံစံစသော ရလဒ်ကောင်းများကို စာရေးသူ မျက်ဝါးထင်ထင်မြင်တွေ့ခဲ့သည်။ စာရေးသူ၏ အတွေ့အကြုံလေးကို အတူလေ့လာကြည့်ကြပါမည်။

**DEMUပေါ်မှ မြင်ကွင်းများ**

စာရေးသူ ကိစ္စတစ်ခုနှင့် နေပြည်တော်မှ ရန်ကုန်သို့ ခရီးထွက်ခဲ့သည်။ ဝသန်မိုးရိပ်နှင့်အတူ လေပြည်လေးများက ခပ်သိမ့်သိမ့်လေး တိုက်ခတ်နေ၏။ နေပြည်တော်ဘူတာစင်္ကြံတွင် ဘူတာစဉ်တစ်လျှောက် လိုက်ပါမည့် ခရီးသည်များ DEMU ရထားကြီးကို စောင့်ဆိုင်းနေကြသည်။ ရထားဥဩဆွဲသံနှင့်အတူ ဘူတာရုံ ရပ်ဝန်း၏ မနီးမဝေးတစ်နေရာမှ DEMU ရထားကြီးမှာ ဘူတာထဲသို့ သတ်မှတ်ရထားလမ်းအတိုင်း ဆိုက်ရောက်လာ၏။ DEMU ရထားသည် အချိန်ကိုက် ဘူတာရပ်ဝန်းတွင် နေရာယူသည်။ သတ်မှတ်ချိန်ရောက်မှ ရထားတံခါးကို ဖွင့်ပေးသည်။ ရထားတံခါးဖွင့်မှသာ ခရီးသည်များအားလုံး ကိုယ့်နေရာကိုယ်တက်ခွင့်ရသည်။ ခရီးသည်များအားလုံးသည် လက်မှတ်ကို အင်တာနက်မှ ကြိုတင်ဝယ်ယူရ၏။ ဝယ်ယူပြီး ဘူတာရုံတွင် တာဝန်ရှိသူများက စစ်ဆေးကာ လက်မှတ်ဖြတ်ပိုင်းလေး ထုတ်ပေး၏။ ထိုလက်မှတ်ပြ၍ စီးနင်းခွင့်ရကြသည်။

DEMU ရထားသည် ခေါင်းတွဲမှစ၍ တွဲအားလုံး အတွင်းအပြင် သန့်ရှင်းရေးကောင်းမွန်သည်။ ရထား၏ တောက်ပြောင်သန့်ရှင်းမှုသည် လူတစ်ယောက်ပုံစံနှင့်ပြောလျှင် smart ကျသည်ဟု အနီးစပ်ဆုံးပြောရမည်။ အတွင်းခန်းထဲတွင် လေအေးပေးစက်များကြောင့် အေးစိမ့်နေသလို သန့်ရှင်းရေးလည်း ကောင်းမွန်သည်။ ပထမတန်း၊ အထက်တန်းဟူ၍ရှိပြီး သန့်ရှင်းသပ်ရပ်မှုများမှာ ခရီးသည်များကို အပြည့်အဝဆွဲဆောင်ထား၏။ ရထားလက်မှတ်ပြလျှင် ခရီးသွားများ လိုက်ပါစီးနင်းရမည့် အတွဲနှင့် စောင့်ဆိုင်းရမည့် စင်္ကြံနေရာကို ဘူတာမှဝန်ထမ်းများက စေတနာထားညွှန်ပြပေးသေးသည်။ သွားဖူးနေကျ ခရီးသည်များအတွက် မလိုအပ်သော်လည်း စီးဖူးလေ့မရှိသည့် ခရီးသည်များအတွက် အတော်လေးအထောက်အကူရသော ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

**DEMU ရထားသည် ခေါင်းတွဲမှစ၍ တွဲအားလုံးအတွင်းအပြင် သန့်ရှင်းရေး ကောင်းမွန်သည်။ ရထား၏ တောက်ပြောင်သန့်ရှင်းမှုသည် လူတစ်ယောက်ပုံစံနှင့် ပြောလျှင် smart ကျသည်ဟု အနီးစပ်ဆုံးပြောရမည်။ အတွင်းခန်းထဲတွင် လေအေးပေးစက်များကြောင့်အေးစိမ့်နေသလို သန့်ရှင်းရေးလည်း ကောင်းမွန်သည်။ ပထမတန်း၊ အထက်တန်းဟူ၍ရှိပြီး သန့်ရှင်းသပ်ရပ်မှုများမှာ ခရီးသည်များကို အပြည့်အဝဆွဲဆောင်ထား၏။ ရထားလက်မှတ်ပြလျှင် ခရီးသွားများ လိုက်ပါစီးနင်းရမည့်အတွဲနှင့် စောင့်ဆိုင်းရမည့် စင်္ကြံနေရာကို ဘူတာမှဝန်ထမ်းများက စေတနာထားညွှန်ပြပေးသေးသည်။ သွားဖူးနေကျ ခရီးသည်များအတွက် မလိုအပ်သော်လည်း စီးဖူးလေ့မရှိသည့် ခရီးသည်များအတွက် အတော်လေး အထောက်အကူရသော ဝန်ဆောင်မှုတစ်ခုဖြစ် . . .**

စာရေးသူလိုက်ပါလာသော DEMU ရထားကြီးမှာ နေပြည်တော်ဘူတာမှ ရန်ကုန်မြို့သို့ တရွေ့ရွေ့ စတင်ထွက်ခွာလေပြီ။ ထိုင်ခုံများအထက်တွင် အိတ်တင်စင်ကို တပ်ဆင်ထား၏။ ထိုင်ခုံများကို အစွပ်များတပ်ဆင်ထားသည်။ လိုက်ပါစီးနင်းသူများကို သက်သောင့်သက်သာဖြစ်စေသည်။ ထိုင်ခုံများအနီး ခရီးသည်များ ရှာဖွေရလွယ်ကူစေရန် ထိုင်ခုံနံပါတ်များကို ကပ်ထားပေး၏။ တွဲတိုင်း၏ ရှေ့နောက်နေရာတွင် သတ်မှတ်ထားသည့် ဆိုက်ရောက်ဘူတာစဉ်ကို LED Screen ဖြင့် ပြသထားသည်။ မှန်ပြတင်းတံခါးများတွင် ခရီးသည်များ နေပူဒဏ်မခံရစေရေး နေကာရန် လိုက်ကာများကို တပ်ဆင်ပေးထားသေး၏။ စထွက်သည်နှင့် ဆိုက်ရောက်မည့် ဘူတာအမည်၊ ခုတ်မောင်းချိန်ကို အမျိုးသမီးလေး၏ အသံချိုချိုလေးဖြင့် ကြေညာပေးသေးသည်။

သည့်အပြင်ရထားအတွင်း အရက်သေစာမသောက်စားရန်၊ ဆေးလိပ်မသောက်ရန်၊ ကွမ်းမစားရန်၊ ကျန်ခရီးသွားများ စိတ်အနှောင့်အယှက်မဖြစ်စေရန် လိုက်ပါစီးနင်းစေရေးစသည့် စည်းကမ်းများကို အခါမလပ်ကြေညာပေးသကဲ့သို့ လိုက်ပါဆောင်ရွက်မှု မရှိပါက ဥပဒေအရ အရေးယူ ဆောင်ရွက်မည်ကိုလည်း အသံချိုချိုလေးနှင့် နားဝင်ချိုအောင် ကြေညာပေးသေးသည်။ ခေတ်မီစွာနေလိုလျှင် သန့်ရှင်းသပ်ရပ်စွာနေထိုင်တတ်ဖို့၊ စည်းကမ်းကိုလိုက်နာဖို့ လိုအပ်သည်။ ထို့ကြောင့် ဥပဒေနှင့်ပြည်သူကို ထိန်းကျောင်းပေးထားသည်။ စာရေးသူအနေနှင့်လွန်စွာသဘောကျ၏။

သတ်မှတ်ရပ်နားဘူတာသို့ ရောက်ရန် ၁၀မိနစ်ခန့်အလိုတွင် အမျိုးသမီးလေး၏ အသံချိုချိုလေးနှင့် နှိုးဆော်သံကို ကြားရပြန်သည်။ ဆိုက်ရောက်မည့် ဘူတာအမည်၊ ရပ်နားရန်ကြာချိန်၊ ရထားပြန်ထွက်လျှင် တံခါးအနီး မနေကြစေရေး စသည့်စည်းကမ်းများနှင့် ရထား၏ လုပ်ဆောင်ချက်များကို ခရီးသွားပြည်သူများ မပြတ်သိရှိစေရေး အဆက်မပြတ် ကြေညာပေးသည်။ သတ်မှတ်ဘူတာစဉ်ရပ်နားရန် ကြာချိန်မှာ ၂ မိနစ်ပေးထား၏။ ခရီးသည်များ အတက်အဆင်းအတွက် အလောတကြီးဖြစ်နိုင်သော်လည်း ဘူတာခရီးစဉ်အဆုံးအတွက် အမြန်ဆုံး အချိန်ကို ဦးစားပေးထားသည်၊ လျင်မြန်မှုကို ဦးစားပေးထားသည်ဟု ဆိုရမည်။

တွဲများကြားနေရာအချို့တွင် ခရီးသည်များ ကျန်းမာရေးအတွက် Toilet များကို ထားရှိပေးထားသည်။ ခရီးသည်များ အဆင့်အတန်းမြင့်မြင့်နှင့် ကျန်းမာရေးကိစ္စဆောင်ရွက်နိုင်ရန် သန့်ရှင်းမှု၊ ခေတ်မီမှုများဖြင့် စီစဉ်ပေးထားသည်။ Toiletအတွင်း ကျန်းမာရေးကိစ္စဆောင်ရွက်ပြီးစီးပါက လုပ်ဆောင်ရမည့် ခလုတ်များတွင်လည်း မည်သို့လုပ်ဆောင်ရန် ဆိုသည်ကို မြန်မာဘာသာနှင့်ရေးပြီး စတေကာကပ်ထားပေးသည်။ အတန်းပညာအနည်းငယ်ရှိလျှင်ပင် ဟန်မပျက် လုပ်ဆောင်နိုင်သည့်အဆင့်အထိ စီစဉ်ပေးထား၏။ ပြည်သူ့ခရီးသွားဝန်ဆောင်မှုကို အခြေခံအကျဆုံးအထိ စဉ်းစားပြီး ဆောင်ရွက်ပေးထားသည်ကို ပေါ်လွင်စွာ မြင်တွေ့ရသည်။

**DEMUနှင့် မြန်မာ့မီးရထားဝန်ထမ်းများ**

စာရေးသူ နေပြည်တော်ဘူတာရောက်ချိန် ကတည်းက ဝန်ထမ်းများအားလုံးကို သတိထားကြည့်မိသည်။ မြန်မာ့မီးရထားဝန်ထမ်းဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားကြ၏။ ခရီးစဉ်တွင်လိုက်ပါမည့်ဝန်ထမ်းများသည် ပို၍ပင် smart ကျနေ၏။ မသိနားမလည်သော ခရီးသွားပြည်သူများကို စင်္ကြံအစ၊ တက်ရမည့်တွဲအဆုံး၊ ဤတွဲသည်မည်သည့် စင်္ကြံနေရာရောက်မည်ဆိုသည်အထိပင် ညွှန်ပြပြီး ဝန်ဆောင်မှုပေးကြသည်။ ဘူတာတွင် လက်မှတ်ဖြတ်ပိုင်းကို ဝန်ထမ်းတစ်ဦးက တစ်ဦးချင်းစစ်ဆေးပေးသည်။

ရထားခရီးစဉ်တစ်လျှောက် ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန် စသောအချိန်များ၌ အချိန်ကိုက် ဘီးတပ်လှည်းလေးဖြင့် တွဲများပေါ်တွင် ထမင်း၊ ကြာဆံ မုန့်မျိုးစုံ၊ ရေသန့်၊ အချိုရည်၊ ကော်ဖီမျိုးစုံကိုလိုက်လံရောင်းချပေးသည်။ လိုက်ပါရောင်းချသူများမှာ မြန်မာ့မီးရထားမှ ဝန်ထမ်းများသာဖြစ်သည်။ သူတို့သည်လည်း ယူနီဖောင်းအပြည့်အစုံ Smart ကျကျ ဝတ်ထားကြ၏။ အနီးစပ်ဆုံး မြင်အောင်ပြောရလျှင် လေယာဉ်မယ်လေးများပုံစံဟု ပြောလျှင် ကွက်ကွက်ကွင်းကွင်း မြင်ကြလိမ့်မည်။ ထိုဝန်ထမ်းလေးများမှာ အမျိုးသမီးလေးများဖြစ်သည်။ ဆံနွယ်ထုံးဖွဲ့မှုကအစ ယူနီဖောင်းကို သပ်ရပ်စွာဝတ်ဆင်ထားကြသည်။

တွဲအလိုက် အမှိုက်ပုံးများ စီစဉ်ပေးထားသကဲ့သို့ ပလတ်စတစ်အိတ်ကြီး တစ်လုံးနှင့် အခါအားလျော်စွာ အမှိုက်စွန့်ပစ်နိုင်ကြောင်း ခရီးသွားပြည်သူများ၏ ထိုင်ခုံများအထိ လိုက်လံအမှိုက်သိမ်းပေးသည်။ သတ်မှတ်နေရာအလိုက် လက်မှတ်စစ်သည်၊ လုံခြုံရေး မီးရထားရဲများမှ လိုက်ပါစီးနင်းသည့် ခရီးသည်များကို မှတ်ပုံတင်စစ်ဆေးသလို အခြားသော လုံခြုံရေးအတွက် လုပ်သင့်သည်များကို လုံခြုံရေးရှုထောင့်စုံမှ လုပ်ကြသည်။ အကြောင်းမှာ ခရီးသည်များလုံခြုံရေးအတွက်ပင်ဖြစ်သည်ဟုသာ အားလုံးနားလည်ကြရမည်။

DEMU ရထား၏ ခရီးအစသည် ရန်ကုန်မြို့ပတ်ရထားဖြစ်၏။ ဒုတိယသည် ရန်ကုန်-မန္တလေး ခရီးစဉ်ဖြစ်ပြီး ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုနှင့် မော်လမြိုင်၊ ပြည်စသော လမ်းပိုင်းများအထိ တိုးချဲ့ပြေးဆွဲနေပြီဟု သိရသည်။ ငယ်ရွယ်သူအမျိုးသမီးဝန်ထမ်းလေးများအတွက် လမ်းဆုံးဘူတာများတွင် နေရာထိုင်ခင်းများကို စည်းကမ်းစနစ်တကျဖြင့် စီစဉ်ပေးထားကြောင်း သူတို့ချင်းပြောဆိုမှုများက သိခွင့်ရခဲ့သည်။ ခရီးစဉ်တိုးချဲ့ပြေးဆွဲမှုများနှင့်အတူ ဝန်ထမ်းသစ်များခေါ်ယူထားသည်ကိုလည်း သိခွင့်ရခဲ့၏။

**ရထားတစ်စင်းလုံးအတွက် လုံခြုံရေး၊ ရထားပေါ်တွင်လိုက်ပါလာသော ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်အတွက်လုံခြုံရေးစသည့် လုံခြုံရေးစနစ်ကောင်းတစ်ခုကို ခရီးသည်များအတွက် ခရီးစဉ်အစအဆုံး ဆောင်ရွက်ပေးထားကြောင်းကိုလည်း စာရေးသူအသိပေးလိုသည်။** DEMU နှင့်အတူ နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်အစိုးရတို့၏ ပြည်သူ့လုံခြုံရေးအတွက် အခြေခံအကျဆုံးအထိ စဉ်းစားဆောင်ရွက်ပေးထားသည်ကို သိမြင်ကြရမည်ဖြစ်သည်။

- **ရထားတစ်စင်းလုံးအတွက် လုံခြုံရေး၊ ရထားပေါ်တွင်လိုက်ပါလာသော ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်အတွက် လုံခြုံရေးစသည့် လုံခြုံရေးစနစ်ကောင်းတစ်ခုကို ခရီးသည်များအတွက် ခရီးစဉ်အစအဆုံး ဆောင်ရွက်ပေးထား . . .**
- **DEMU နှင့်အတူ နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်အစိုးရတို့၏ ပြည်သူ့လုံခြုံရေးအတွက် အခြေခံအကျဆုံးအထိ စဉ်းစားဆောင်ရွက်ပေးထားသည်ကို သိမြင်ကြရမည်ဖြစ် . . .**

**DEMU နှင့် ခရီးသွားပြည်သူများ**

ရထားလက်မှတ်ဈေးနှုန်းသည်လူတန်းစားအသီးသီးအတွက် ယနေ့ငွေကြေးအခြေအနေများနှင့် စီးနင်းနိုင်သည့် ဈေးနှုန်းတစ်ခုအဖြစ် တွေ့မြင်ရသည်။ အဆင့်မီ DEMUရထားပေါ်ရောက်သည်နှင့် သတ်မှတ်စည်းကမ်းများမှာ လူတန်းစားအသီးသီးအတွက် အဆင့်အတန်းမြင့်မားစွာ လိုက်ပါစီးနင်းရမည်ဆိုသည့် အတွေးတစ်ခုကို ဝင်ရောက်စေသည်။ ထိုအတွေးနှင့် လျော်ညီစွာ ကိုယ်စီဂုဏ်သိက္ခာကိုထိန်းရင်း မဖြစ်မနေ စီးနင်းရတော့မည်။ ဤသို့ အလိုအလျောက် စိတ်စီးမျောသွားစေသော စီစဉ်ထားမှုကိုလည်း စာရေးသူသဘောကျသည်။

ကွမ်းစားသူများ၊ ဆေးလိပ်သောက်သူများ ထိုရထားပေါ်တွင်ချင်ခြင်းတက်သည့်စိတ်ကိုအနည်းဆုံးတော့ ချုပ်တည်းရသည်။ သောက်သောက်စားစား ခရီးသွား ပုံစံလုပ်၍မရ၊ နိုင်ငံကြီးသားပီသစွာ ဟန်ကြီးတစ်ခွဲသားနှင့် လိုက်ပါစီးနင်းရ၏။ စာရေးသူ လိုက်ပါလာသည့်အတွဲရှိ

**စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

ခရီးသည်များကို ဤဟန်အတိုင်း မြင်နေရသည်။ ခေတ်မီမီနေချင်လျှင် ဤသို့စည်းကမ်းရှိဖို့လိုသည်။ စည်းကမ်းသည် စာသက်သက်မဟုတ်၊ စကားလုံးသက်သက်မဟုတ်၊ လိုက်ပါကျင့်ကြံရမည့်အကျင့်တရားဖြစ်သည်။ DEMU ရထားကြီး၏ သွန်သင်ဆုံးမမှုများက လူတစ်ဦးချင်းစီအတွက် ကျန်းမာရေး၊ လူနေမှုပုံစံမြင့်မားရေးအတွက် ကျောင်းတစ်ကျောင်းလိုပင်မြင်တွေ့နေရသည်။ စာရေးသူလွန်စွာသဘောကျ၏။

ရထားပေါ်တွင် အချင်းချင်း ဖေးမကူညီကြသည်။ အလုပ်တူကြသူများ၊ လုပ်ငန်းဆက်စပ်မှုရှိသူများ အချင်းချင်း စကားလက်ဆုံကျကြသည်။ ထိုင်ခုံနီးစပ်သော်လည်း လမ်းဆင်းဘူတာ မတူကြသည့်အခါ နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြသည်။ ခရီးဆုံးသူက နှုတ်ဆက်၊ ခရီးဆက်ရန်ကျန်သည့်သူက ဆက်သွားဆိုသည့် မြင်ကွင်းကို မြင်ခဲ့ရသည်။ သတ္တလောကသခ်ီရသဘောကို DEMUပေါ်မှနေ၍ မြင်တွေ့နိုင်သေးသည်။ ပွားများတတ်လျှင် ဘာဝနာပင်။

**DEMU ပေါ်မှ မြင်တွေ့ရသော မြို့ပြ၊ကျေးလက် သဘာဝရှုခင်းများ**

စာရေးသူလိုက်ပါလာသော ခရီးစဉ်သည် နေပြည်တော်-ရန်ကုန်ခရီးစဉ်ဖြစ်သည်။ ထို့အတွက် မြေပြန့်ဒေသသဘာဝရှုခင်းများ၏ လှပမှုအားခံစားခွင့်ရခဲ့သည်။ ရန်ကုန်-မန္တလေး မီးရထားလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော နေပြည်တော်- ရန်ကုန် မီးရထားလမ်းမကြီးသည် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ကို ပေါင်းကူးဆက်သွယ်ပေးထားသည်ကို အားလုံးသိပြီးဖြစ်လိမ့်မည်။

DEMU ပေါ်မှ အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လျှင် မှိုင်းညို့နေသော အနောက်ရိုးမတောင်တန်းကြီးကို လွမ်းမောဖွယ်မြင်တွေ့နေရ၏။ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် အရှေ့ရိုးမတောင်တန်းကြီးများကို မှိုင်းညို့ညို့နှင့် တွေ့မြင်ရ၏။ မြေပြန့်လွင်ပြင်ဖြစ်၍ မြန်မာနိုင်ငံ၏ စပါးကျီဒေသများဖြစ်တာနှင့်အညီ ဝသန်ခါနှင့်လိုက်ဖက်နေသော စိမ်းလဲ့လဲ့ စပါးခင်းကြီးများကလည်း ရထားလမ်းကြီး၏ ဘယ်ညာတွင်လိုက်ပါပြေးလွှားနေသလိုပင်၊ မိုးသက်လေပြည်ကိုအားမြှင့်ပေးသော DEMU မီးရထား၏ ပြေးနှုန်းတို့ကြောင့် စပါးခင်းများကလည်း စည်းချက်ညီညီ လိုက်ပါယိမ်းနွဲ့နေကြသေးသည်။

လမ်းခရီးတစ်လျှောက် မြန်မာ့ကျေးလက်ရှုခင်းသဘာဝ၊ မြန်မာလူမျိုးများ၏ မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မြန်မာလူမျိုးများ၏ ကျေးလက်ဓလေ့ဟန်များကို မြင်တွေ့ရသည်။ ရေအိုင်၊ ချောင်းငယ်များအတွင်းဝယ် ကြာ့တစ်သင်းတို့ကလည်း မြူးထူးပျော်ပါးနေကြသေးသည်။ တစ်ချက်တစ်ချက် DEMU၏ ဥဩမြည်သံနှင့်အတူ စိမ်းလဲ့လဲ့စပါးခင်းများကြားက ဖြူလွှင့်လွှင့် ဗျိုင်းငယ်များကလည်း အုပ်သင်းဖွဲ့ပြီး စည်းချက်နဲ့အညီ ကောင်းကင်ထက်ကို ပျံဝဲကပြနေသလိုပင်။ DEMU မီးရထားကြီးမှာ မှိုင်းပြာပြာတောင်တန်းနှစ်ခုကြားဝယ် မြစိမ်းရောင်ကတ္တီပါအခင်းပမာ စပါးခင်းများအကြား လိုရာခရီးကို ဦးတည်ခုတ်မောင်းနေလေသည်။ မြန်မာ့အလှမြန်မာ့ရှုခင်းသည် မြန်မာလူမျိုး တစ်ယောက်အတွက် မည်သို့မျှ ရိုးအီသွားနိုင်မည်မဟုတ်ပေ။ နိုင်ငံခြားသားခရီးသွားများအတွက်လည်း ဆွဲဆောင်မှုကောင်းတစ်ခုပင်ဖြစ်သည်။

စာရေးသူ သတိတစ်ချက်ထားမိသည်။ ခရီးစဉ်အစအဆုံးတွင် DEMU မီးရထားကြီးသည် အပိုင်းနှစ်ပိုင်းကို ဖြတ်သန်းရသည်။ အပိုင်းတစ်ခုမှာ ကျေးလက်ဒေသအပိုင်းဖြစ်ပြီး နောက်တစ်ပိုင်းမှာ မြို့ပြဒေသပိုင်းဖြစ်သည်၊ ကျေးလက်အပိုင်းမှန်သမျှ ဖြတ်သန်းမှုအပိုင်းတွင် မြင်ကွင်းအားလုံးသည် ပြည်တွင်းသာမက ပြည်ပခရီးသွားများအတွက် မျက်စိပသာဒဖြစ်စေသည်။ မြို့ပြအဝင် မီးရထားလမ်းသည် အများအားဖြင့် မြို့ပြ၏ဆင်ခြေဖုံးရပ်ကွက်များ၊ အိမ်၊ တိုက်များ၏ နောက်ကျောကို ဖြတ်သန်းတည်ဆောက်ထား၏။ မြို့ပြအဝင် မြင်ကွင်းများကို Green City, Clean City, Smart City ဖြစ်အောင် ယခုထက် ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မီးရထားကြီးလည်း ခေတ်မီပြီ၊ ရထားလမ်းပိုင်းများ၏ တောင့်တင်းမှုကလည်း DEMU ရထားကြီးကို ငြိမ်သက်လျင်မြန်စွာ ပြေးလွှားနိုင်စေရေး ထောက်ပံ့ပေးထားပြီးဖြစ်သည်။ ဘူတာရပ်ဝန်းများကလည်း သန့်ရှင်းသပ်ရပ်နေပြီဖြစ်သည်။ ကျေးလက်၊မြို့ပြမကျန် ရထားလမ်းဝဲယာတွင်လည်း သန့်ရှင်းသပ်ရပ်စွာဆောင်ရွက်ထား၏။ ရထားလမ်းတစ်လျှောက် မြန်မာ့ကျေးလက်အလှ၊ မြန်မာ့ရှုခင်းနှင့် မြန်မာ့မြို့ပြအလှကို သည်ထက်ပိုမို သန့်ရှင်းသပ်ရပ်ကြော့ရှင်းစွာ ပြသနိုင်လျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ရန်ကုန်မြို့သို့ရောက်လေပြီ**

စာရေးသူစီးနင်းလာသော DEMU ရထားသည် နေပြည်တော်မှ ၁၂နာရီခွဲ ထွက်၏။ ရန်ကုန်မြို့သို့ ညနေ ၅နာရီခွဲခန့်တွင် ချောမွေ့စွာဆိုက်ရောက်သည်။ ကြေညာထားသည့် သတ်မှတ်အချိန်အတိုင်း ပြေးဆွဲပေးနိုင်သည်။ ဤသည်မှာလည်း မြန်မာ့မီးရထားလုပ်ငန်း၏ ပကတိဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်၏။ ရန်ကုန်- မန္တလေးခရီးစဉ်တစ်လျှောက် ဘူတာတိုင်းမရပ်နားပေ။ ပျဉ်းမနား၊တောင်ငူ၊ဖြူး၊ ညောင်လေးပင်၊ ပဲခူး၊ တိုးကြောင်ကလေးဟူသည့် ကြားမြို့ဘူတာများတွင်သာ ခရီးသည်အတက်အဆင်းပြုလုပ်ပေးသည်။

အလုပ်ကိစ္စပြီးမြောက်လျှင် နေပြည်တော်သို့ ခရီးပြန်ဆက်ရပေဦးမည်။ အပြန်ခရီး၌လည်း DEMU ခေတ်မီရထားကြီးဖြင့် အဖော်ပြုရမည်သာဖြစ်သည်။ ခရီးသွားပြည်သူများက DEMU ရထားကို ပိုမိုစိတ်ဝင်စားလာကြ၏။ သွားလာမှုလည်းများလာကြသည်။ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ public Transportation ကို စီစဉ်ဆောင်ရွက်ပေးထားမှုမှာ ဆိုခဲ့စေမြဲစေဆိုသည့်အတိုင်း မြင်တွေ့ရသည်။

ပြည်သူတွေက တစ်ယောက်တက်၊ တစ်ယောက်ဆင်း စီးနင်းကျောခိုင်းသွားကြသည်။ သို့သော် မြစိမ်းကတ္တီပါကော်ဇောပမာ စိမ်းလန်းသော လယ်ကွင်းများကြားဝယ် ပြည်သူများ၏ခရီးသွားလာမှုအတွက် စုန်ကာဆန်ချီကူရင်း ပြည်သူများမှ အားကိုးရသော DEMU ခေတ်မီရထားများအဖြစ် ဆက်လက်တာဝန်ကျေပွန်နေဦးမည်သာဖြစ်ကြောင်း စာပန်းချီခြယ်လိုက်ရပါတော့သည်။ ။

**ကျော်တေဇ(ဥက္ကလာ)**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။
(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။
(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သောနေရာတွင်ထားရှိပါ။
(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။
(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။
(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။
(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။ အခြားသူများကိုမျှဝေပါ။
(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။
(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။
(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ။
(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။
(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကိုပိတ်ထားပါ။
(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။
(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။
(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်။
(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့မသွားပါနှင့်။
(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများပြုလုပ်ပါ။
(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကိုဂရုပြုပါ။
(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။
(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကိုမယုံပါနှင့်။
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
(ဇ) ရေစိုပြီးအနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်။
(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကိုဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၁၇

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးကအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများကပွဲစဉ်ပထမနေ့ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်တပ်ရင်း/တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၇ သင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၇ သင်းတို့ဖြင့် ဩဂုတ်လ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များ၏စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

လေ့လာရေးခရီးသွားရောက်ခဲ့သည့်



လေ့လာရေးလာရောက်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)မှ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားစဉ်။





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

အခြေခံပညာ အလယ်တန်းကျောင်း (ရေဆင်း)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်မကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ရေဆင်း)မှ ဒုတိယ အလယ်တန်းပြဆရာမ ဒေါ်ခင်မြတ်နိုး ဖြစ်ပါတယ်။ ကျွန်မကတော့ Grade-8 ကျောင်းသားတွေရဲ့တာဝန်ကြီးကြပ်ရေးနဲ့ စည်းကမ်းထိန်းသိမ်းမှုအနေနဲ့လိုက်လာတာဖြစ်ပါတယ်။ ကျွန်မရဲ့ ပထမဦးဆုံး လေ့လာရေးအတွေ့အကြုံ ခရီးလည်း ဖြစ်ပါတယ်။ ကလေးတွေက သမိုင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို အရင်တုန်းကဆိုရင် သင်ခန်းစာထဲမှာပဲ သင်ကြားခဲ့ရပါတယ်။ အခုဆိုရင် သင်ခန်းစာနဲ့ ပတ်သက်ဆက်စပ်တဲ့ လက်တွေ့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းတွေ တပ်မတော်ရဲ့သမိုင်းတွေအကုန်လုံးကို ဒီစစ်သမိုင်းပြတိုက်မှာ အကုန်လုံးကို လက်တွေ့လာရောက် ဆက်စပ်ပြီး လေ့လာခွင့်ရတာကြောင့် ကလေးတွေအတွက် ဗဟုသုတတွေပိုပြီးတိုးပွားစေလို့ ကျွန်မကပိုပြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့ကျောင်းတွေကို တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးစဉ်တွေ စီစဉ်ပေးတဲ့အတွက် တာဝန်ရှိတဲ့ အကြီးအကဲတွေရော တာဝန်ရှိတဲ့ သက်ဆိုင်ရာ လူကြီးမင်းတွေအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်းပြောကြားချင်ပါတယ်ရှင်"ဟုပြောသည်။

"သမီးကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ရေဆင်း) Grade-9 မှာ ပညာသင်ကြားနေတဲ့ ကျောင်းသူ မအိမြတ်ကျော် ဖြစ်ပါတယ်ရှင်။ သမီးအရင်က ဒီနေရာကို တစ်ခါမှမလေ့လာဖူးပါဘူးရှင်။ ဒါပထမဆုံးရောက်ဖူးတာပါရှင်။ အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို ပထမဆုံးလေ့လာခွင့်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ ဗဟုသုတတွေလည်း အများကြီးရပါတယ်ရှင်။ လေယာဉ်အမျိုးအစားတွေကို အများကြီးတွေ့ရှိလေ့လာခွင့်ရပါတယ်ရှင်။ အခုလို သမီးတို့ကိုလေ့လာခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ ဆရာ၊ ဆရာမများ အပါအဝင် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ရှင်"ဟုပြောသည်။

(၁၀၀)





## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့်ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်၊ ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရောက်ရှိကြရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်မိုးလွင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့်ကျန်းမာရေးဝန်ကြီးနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ဇွန်လအတွင်း တရားဝင်ခရီးစဉ်လာရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုများစွာရှိပြီး နှစ်နိုင်ငံဆက်ဆံရေးသည် လက်ရှိအချိန်တွင် ဒေသအတွင်းအကောင်းဆုံးဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရာဂျာစတန် ပြည်နယ်ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ၑင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့်ကျန်းမာရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့်တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်) တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ရိုက်ကူးထုတ်လွှင့်နေမှု ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁၇

တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ထိန်းသိမ်းရန်နှင့် တိုင်းရင်းသားများ၏ လှုပ်ရှားမှုဆောင်ရွက်ချက်များအား မှတ်တမ်းထားရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၏ ရိုက်ကူးထုတ်လွှင့်နေမှုကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ကြည့်ရှုလေ့လာသည်။



ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ တိုင်းရင်းသားဝန်ထမ်းများ၏ "ချစ်သောပြည်ထောင်စု" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှု၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာမှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက NRC Channel ရိုက်ကူးထုတ်လွှင့်မှုအား လေ့လာသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC Channel ) ထုတ်လွှင့်သည့် Presentation Room 2၊ News Studio 2 ၌ NRC Channel မှ ဝန်ထမ်းများ၏ သရုပ်ပြသတင်းတင်ဆက်နေမှု၊ တိုင်းရင်းသား Radio Recording Studio ၌ "သူ့အလှည့်ရွေးသီတေးပန်းချီ" အစီအစဉ် အသံသွင်းနေမှု၊ Virtual Studio ၌ NRC Channel မှ ဝန်ထမ်းများ၏ "ဆွေညီနောင်များဘာသာစကားဖြင့် ရင်းနှီးချစ်ကြည်စေမည်" ဘာသာစကားအစီအစဉ်ရိုက်ကူးနေမှုနှင့် Audio Mastering Studio ၌ တိုင်းရင်းသားဝန်ထမ်းများ၏ နေပြည်တော်တီးဝိုင်းဖြင့် သီဆိုလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြဝတီ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ရခိုင်ပြည်နယ်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

စစ်တွေ ဩဂုတ် ၁၇

၂၀၂၆ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ပြည်နယ်အဆင့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပခဲ့ပြီး အသက် ၅ နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ၊ အစားအစာလက်ဆောင်ခြင်းများ ပေးအပ်ခြင်းနှင့် အာဟာရဆိုင်ရာ အသိပညာဗဟုသုတဉာဏ်စမ်းပဟေဠိဖြေဆိုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက "ဘဝအစလှပဖို့ မိခင်နို့ချို တိုက်ကျွေးလို့ အလေ့အထကောင်းများမြှင့်တင်စို့" ၂၀၂၆ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၏ ဆောင်ပုဒ်နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်းမှအစပြု၍ အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းလာစေရန် နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး ၂၀၂၆ ခုနှစ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ဗီဒီယိုနှင့် ခန်းမအတွင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်သူများ အမှန်တကယ်လိုအပ်ချက်များကို ထည့်သွင်းလျာထားရန်၊ ခွင့်ပြုဘဏ္ဍာငွေရရှိပြီး ပြန်လည်အပ်နှံရခြင်း မရှိစေရေး အလေးထားဆောင်ရွက်ရန် ပြောကြား၍ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အရအသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

အလားတူ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက အကြံပြုတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘယ်လ်ဒီ၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘယ်လ်ဒီနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘယ်လ်ဒီ၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘယ်လ်ဒီတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်အစိုးရမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှုများဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး နိုင်ငံတော်သမ္မတက အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ငင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

## (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်းများအလိုက်လေ့ကျင့်မှုများပြုလုပ်

နေပြည်တော် ဩဂုတ် ၁၇

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင်အားကစားသမားများ၊ လူငယ်အားကစားသမားများဖြစ်သည့် ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ပြေးခုန်ပစ်အားကစားသမားများနှင့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားရေးရာဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအားကစားသမားများသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိသက်ဆိုင်ရာ အားကစားကွင်း၊ အားကစားရုံများ၌ အားကစားနည်းအလိုက် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီးအသင်းလိုက်လေ့ကျင့်နေမှု၊ ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီနှင့်အတူ ကြည့်ရှုအားပေးပြီး အားကစားလေ့ကျင့်ရေးခန်းမ(၂)ရှိ ခြင်းလုံးလေ့ကျင့်ရေးရုံ၌ ခြင်းလုံးအားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ အားကစားသမားများအတွက် တစ်ကိုယ်ရေအသုံးအဆောင်များဖြစ်သည့်သွားတိုက်ဆေး၊ သွားပွတ်တံ၊ ရေချိုးဆပ်ပြာနှင့် နည်းပြများကို ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်သည်။

ထို့ပြင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပြေးခုန်ပစ်လက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားသမားများအတွက် တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများပေးအပ်ကာ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာစေရေး၊ ပြေးခုန်ပစ်အားကစားအဆင့်အတန်းပိုမိုတိုးတက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများမွေးထုတ်ပေးရေး၊ အားကစားသမားများကို ပြန်လည်စုဖွဲ့၍ စနစ်တကျပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးရေးနှင့် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မြန်မာ့အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ



**(၁၇-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ**

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၈.၄ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၈,၁၈၉,၅၉၂.၉၂ | - | ၄၅,၁၆၃,၇၃၀.၁၂ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ် အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စာရေးကိရိယာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrive in Russian Federation to pay an Official Visit

NAY PYI TAW August 17

At the invitation of President of the Russian Federation H.E. Mr. Vladimir Putin,a high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw by a special flight to pay an Official Visit to the Russian Federation this morning.

The President and his high-level Myanmar delegation were seen off at the airport by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo,union ministers, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander,and officials of the Russian Federation Embassy and Military Attache Office to Myanmar.



President of the Republic of the Union of Myanmar U Min Aung Hlaing being welcomed by a Russian official at the airport.

Together with the President, union ministers, U Khin Maung Yi, U Tin Maung Swe, Dr. Chaw Chaw Sein, Dr. Thet Khaing Win, U Ko Ko Lwin, and Dr. Charlie Than, Chief Executive Officer of the Myanmar Space Agency Dr. Soe Myint Maung, Chief Minister of Taninthayi U Zaw Naing Oo, senior military officers from the Office of the Commander-in-Chief, deputy ministers and officials left on the same flight.

The President and the high-level Myanmar delegation arrived at Vnukovo International Airport in Moscow at 6 pm local time and were welcomed by Minister of Economic Development of Russian Federation Mr. Maxim Gennadievich Reshetnikov, the Deputy Minister of Foreign Affairs and officials, Myanmar Ambassador to Russian Federation U Myo Moe Aung, Ambassador of Russian Federation to Myanmar H.E. Mr. Iskander Azizov, Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo and officials of the Embassy and the Military Attache at the airport.

The Guard of Honour of the Russian Federation welcomed the President in accordance with the tradition of welcoming a Head of State who was on a State-level goodwill visit. The President took the salute of the Guard of Honour from the dais, while the Guard of Honour played the national anthems of the two countries.

Afterward, the Guard of Honour marched past the President.

During the visit, the President of Myanmar will meet with the President of the Russian Federation, the Prime Minister of the Russian Federation, and the Chairman of the State Duma of the Russian Federation and other officials from the Russian Government. The President will cordially discuss matters relating to the further consolidation of the existing friendly relations and strategic cooperation in all areas of mutual interest including economic, security and social spheres. During the visit, the President will also attend the Myanmar-Russia Business Forum. **Myawady**

# Yinmabin District sees cultivation of more than 80,000 acres of pigeon pea

YINMABIN August 17

Local authorities set a plan to cultivate 88,520 acres of pigeon pea as monsoon crops in Yinmabin District of Sagaing Region this monsoon, according to the district Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin District plans to cultivate pigeon pea on a total of 88,520 acres across its townships. The township-wise targets are 20,310 acres in Yinmabin Township, 15,393 acres in Kani Township, 30,805 acres in Salingyi Township, and 22,012 acres in Pale Township. The pigeon pea crop will be planted from June through September this year.

"This year, during the monsoon cropping season, Yinmabin District is targeting the cultivation of more than 88,000 acres of pigeon pea. Planting began within this June. Efforts made to ensure that the targeted acreage is fully achieved. Measures are also being undertaken to ensure good yields in pigeon pea cultivation. Farmers grow pigeon pea both as a sole crop and as an intercropped crop," said Daw Sanda Moe, Head of the Yinmabin District Department of Agriculture.

This year, the respective township agriculture departments in Yinmabin District will conduct field-based awareness and education activities for pigeon pea growers, including guidance on the selection and cultivation of quality seed varieties, correct cultivation methods, pest prevention, and ways to improve crop yields.

The township agriculture departments in Yinmabin District are also sharing techniques with pigeon pea farmers on combining urea and borax applications in order to reduce the cost of purchasing foliar fertilizers. The use of urea and borax not only lowers cultivation costs but also helps protect plants from pests and promotes healthy crop growth. **SK**

# More than 1,000 acres of sesame stated to grow in Kalewa Township

KALEWA August 17

Statistics of Kalewa Township Agriculture Department stated that local farmers will grow more than 1,000 acres of sesame in monsoon season in Kalewa Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Kalewa Township has targeted the cultivation of 1,011 acres of rainfed sesame, and farmland is currently being ploughed in preparation for planting.

This year, the Township Agriculture Department in Kalewa Township will provide awareness and technical support to sesame growers on expanding sesame cultivation, proper cultivation techniques, the use of GAP methods, cultivation of high-quality pure seed varieties, and the planting of high-yield sesame varieties, according to reports.

Crops produced under the GAP system are known to have higher quality and fetch better prices than crops cultivated using other farming methods. In addition to domestic markets, such crops can also be exported to international markets. Due to these advantages, farmers cultivating crops under the GAP system are expected to gain greater economic benefits and improve their socio-economic livelihoods. **SMK**

# Demolition of buildings used for online fraud and gambling in Myawady Township, Kayin State; bodies and weapons seized from terrorist insurgents

NAY PYI TAW August 17


The Government attaches great importance to combating online fraud and online gambling operations as a national duty, as such activities destroy the social lives of people worldwide, undermine moral dignity, and pose serious threats to the public interest and national security. In coordination with domestic forces and the governments of neighbouring countries, effective crackdowns are being conducted to prevent such operations from establishing a foothold in the country. In addition, illegal buildings used to house and operate online scam and gambling activities are being systematically and completely demolished to prevent their reuse.

To prevent online fraud and gambling operators from establishing bases or conducting operations, Tatmadaw columns, acting on information provided by responsible local residents, have stepped up anti-online scam operations. Acting on tip-offs that online fraud and gambling activities were being based and operated in the area, Tatmadaw columns conducting area security operations in Myawady Township, Kayin State, took necessary security measures. As previously announced, on July 27, a total of 777 individuals—652 men and 125 women—involved in online fraud and gambling were arrested, along with operational equipment, from inside eight residential buildings used for online scams and gambling in the area.

To prevent the seized equipment from being reused, 85 computers, 183 assorted mobile phones and one Starlink terminal used in online fraud and gambling were destroyed by fire on August 12.

Under the guidance of the Government, departmental teams demolished the unauthorized and illegally constructed buildings at the raided location to ensure they could not be used again. Accordingly, two two-storey residential buildings used for online scams and gambling were demolished on August 12; one one-storey residential building on August 13; one one-storey residential building on August 14; one one-storey residential building on August 15; one one-storey residential building on August 16; and today, one one-storey residential building and one three-storey residential building were systematically demolished using explosives, bringing the total to eight buildings.


See Page - 20 ▸▸



Permanent demolition by explosives of residential buildings used for online fraud and gambling activities in Myawady Township, Kayin State (13 August 2026).




Permanent demolition by explosives of residential buildings used for online fraud and gambling activities in Myawady Township, Kayin State (13 August 2026).


The permanent destruction by fire of operational equipment used for online fraud and gambling activities in Myawady Township, Kayin State.



Permanent demolition by explosives of residential buildings used for online fraud and gambling activities in Myawady Township, Kayin State (13 August 2026).


Record of the arrest of individuals involved in online fraud and gambling activities.


Weapons, ammunition and related equipment seized by Tatmadaw columns from terrorist insurgents.


Tatmadaw columns conducting clearance operations at residential buildings used for online fraud and gambling activities in Myawady Township, Kayin State.



Permanent demolition by explosives of residential buildings used for online fraud and gambling activities in Myawady Township, Kayin State (14 August 2026).

▸▸From Page - 19

Moreover, to prevent online scam and gambling activities from establishing bases in the area, Tatmadaw columns have been conducting step-by-step area security operations at risk to their lives since August 2. This afternoon, approximately 4,000 metres southeast of the previous raid site, the following structures used for online scams and gambling were seized: one 100 ft × 40 ft single-storey, tin-roofed building, one 80 ft × 20 ft single-storey, tin-roofed building, two 50 ft × 40 ft single-storey, tin-roofed buildings, one 50 ft × 20 ft single-storey, tin-roofed building, one 90 ft × 20 ft single-storey, tin-roofed building, and one 30 ft × 20 ft steel-structure, tin-roofed building equipped with two large water tanks.

During the area security operations, seven armed clashes occurred with terrorist insurgents who were providing protection to online fraud and gambling perpetrators in exchange for payment. Several bodies of terrorist insurgents, along with assorted weapons, ammunition and related accessories, were seized, while some Tatmadaw personnel sustained injuries.

The State is continuing to actively and vigorously conduct anti-online scam and gambling operations in cooperation with neighbouring nations, regional countries and international organizations to eradicate online fraud and gambling crimes and prevent them from establishing any foothold in Myanmar.

**100**



Tatmadaw columns conducting clearance operations at residential buildings used for online fraud and gambling activities in Myawady Township, Kayin State.



Tatmadaw columns conducting clearance operations at residential buildings used for online fraud and gambling activities in Myawady Township, Kayin State.



Record of the arrest of individuals involved in online fraud and gambling activities.

# Katha District to plant more than 5,000 acres of banana in monsoon season

KATHA August 17

According to the agricultural data of Katha District Agriculture Department, local farmers will plant 5,447 acres of banana as monsoon crops in Katha District of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, district-level targets for banana cultivation in Katha District are set at 3,662 acres in Katha Township, 827 acres in Indaw Township, 793 acres in Htigyaing Township, and 165 acres in Bamauk Township, totalling 5,447 acres, according to reports.

"This year, during the monsoon season, Katha District is targeting the cultivation of 5,447 acres of bananas. Efforts will be made to ensure the targeted acreage is fully achieved. Preparations are currently underway to begin planting within this month. Recently, banana cultivation has also started appearing in lowland farms. In general, pest and disease infestations are relatively low," said Daw Khin Myat Myat Oo, head of the Agriculture Department in Katha District.

Banana growers reportedly plant around 1,000 banana plants per acre. Cultivation costs can reach up to Ks-2 million per acre until the fruit-bearing stage, while returns at harvest can amount to around Ks-5 million per acre.

The Katha District Agriculture Department will also conduct field-level awareness activities on good agricultural practices, including discussions on the dangers of chemical residue contamination in food crops and the proper use of registered chemical pesticides according to labeled guidelines, in order to ensure the production of safe food crops.

**SK**

# YeU Township decides to grow more than 1,000 acres of green gram

YEU August 17

Local authorities set a plan to cultivate more than 1,000 acres of green gram as monsoon crops in YeU Township of Sagaing Region, according to the Township Agriculture Department.

Local authorities earmarked cultivaiton of 1,088 acres of green gram in YeU Township in 2026-2027 monsoon crop cultivation season, starting from June till September.

"This year, during the monsoon crop cultivation season, YeU Township is targeting the cultivation of more than 1,000 acres of green gram. Efforts will be made to ensure the targeted acreage is fully achieved. Regarding green gram cultivation, awareness activities are being carried out to encourage expanded cultivation, and farmers are also being educated on the use of high-quality pure seed varieties to achieve better yields," said Daw Aye Nyein Thant, head of the YeU Township Agriculture Department.

This year, the Township Agriculture Department in YeU Township will provide awareness and technical support to green gram farmers on obtaining high-quality seed varieties suited to local conditions, applying correct cultivation methods, preventing pest infestations, using chemical fertilizers systematically, and improving crop yields.

During this year's monsoon crop cultivation season, the department will also cooperate with farmers in providing high-quality pure seed varieties, agricultural inputs, and post-harvest technologies needed to improve the yield and quality of various pulse crops.

**SMK**

## Tomato in high demand at domestic market in Pathein Township

PATHEIN August 17

"Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources.

**SK**

# President U Min Aung Hlaing meets officials of Government of Rajasthan, Republic of India

NAY PYI TAW August 17

President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw Airport by special aircraft this morning to pay an Official Visit to the Russian Federation.

The high-level Myanmar delegation led by the President arrived at the international airport in Jaipur of Rajasthan State of the Republic of India at 10 am local standard time. The President and party were welcomed at the airport by Cabinet Minister of the Medical and Health Department in the Government of Rajasthan Gajendra Singh and officials from the cabinet, Myanmar Military Attaché (Army, Navy and Air) Brig-Gen Zaw Moe Lwin and officials.

At the airport lounge, the President met the Rajasthan Cabinet Minister of the Medical and Health Department and cordially discussed his official visit paid to India in June at the invitation of Prime Minister of India Shri Narendra Modi, the discussions on further strengthening friendly ties and cooperation between Myanmar and India during the visit, extensive relations between the peoples of both countries, and the best situation of bilateral relations within the region, further enhancement of cooperation between the two countries, and efforts to promote border trade measures.

The President and the Rajasthan Cabinet Minister of the Medical and Health Department exchanged commemorative gifts.



President U Min Aung Hlaing meets Cabinet Minister of the Medical and Health Department in the Government of Rajasthan Gajendra Singh.

The President and party continued their journey to the Russian Federation via the international airport in Jaipur. They were seen off at the airport by the Rajasthan Cabinet Minister of the Medical and Health Department and cabinet officials, the Myanmar Military Attaché (Army, Navy and Air) and officials.

**Myawady**

# President U Min Aung Hlaing holds talks with Governor of Almaty of Republic of Kazakhstan

NAY PYI TAW August 17

President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw Airport by special aircraft this morning to pay an Official Visit to the Russian Federation and arrived at the international airport in Almaty of the Republic of Kazakhstan at 1.25 pm local standard time. They were welcomed by Governor of Almaty Mr. Darkhan Satybaldy, the Deputy Minister for Foreign Affairs of Kazakhstan and officials at the airport.



President U Min Aung Hlaing and party hold talks with Governor of Almaty Region of the Russian Federation Mr. Darkhan Satybaldy and officials.

The President and Governor of Almaty Mr. Darkhan Satybaldy held talks at the airport lounge.

At the meeting, they cordially discussed the successfully holding the free and fair multiparty democratic general election in Myanmar, efforts of the government elected by the people to carry out national development and restore internal peace, State-level goodwill visits to foreign countries made by the President since his assumption of the State responsibilities, enhancement of relations with international and regional countries, exchange of State-level goodwill visits between Myanmar and Kazakhstan to further promote friendly ties and cooperation between the two countries, and enhancement of cooperation in trade, education, culture and tourism sectors.

The Governor of Almaty presented commemorative gifts to the President who returned gifts to the Governor of Almaty and party.

The President and party left for the Russian Federation via the international airport in Almaty City wher they were cordially seen off by the Governor of Almaty, the Deputy Minister for Foreign Affairs of Kazakhstan and officials.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**→ ကျောဖုံးမှအဆက်**

လောင်းကစားမှုများကို အခြေချလုပ်ကိုင်ရာတွင် အသုံးပြုခဲ့ကြသည့် တရားမဝင်အဆောက်အအုံများ ပြန်လည်အသုံးမပြုနိုင်အောင်ကိုလည်း အပြီးတိုင် စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် တပ်မတော်စစ်ကြောင်းများက တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုနှင့်အတူ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည်ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၂၇ ရက်တွင် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်လူနေအဆောက်အအုံ ၈ လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေကြသူ အမျိုးသား ၆၅၂ ဦး၊ အမျိုးသမီး ၁၂၅ ဦး၊ စုစုပေါင်း ၇၇၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အထက်ပါဖြစ်စဉ်မှ သိမ်းဆည်းရမိလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ကွန်ပျူတာ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးနှင့် Star Link ၁ လုံးတို့ကိုလည်း ပြန်လည်အသုံးမပြုနိုင်စေရန်အတွက် ဩဂုတ်လ ၁၂ ရက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်သည်။

အဆိုပါဖမ်းဆီးရမိခဲ့သည့်နေရာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မင်းလက်ပံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသည့်နေရာအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိမှု နေရာပြမြေပုံ











ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် လူနေအဆောက်အအုံများအား တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိစဉ်။



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိစဉ်။



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိစဉ်။





လောင်းကစားမှုများ အခြေချနေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများရာတွင်အသုံးပြုခဲ့သည့် နိုင်ငံတော်မှခွင့်ပြုချက်မရှိဘဲ တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ပြန်လည်အသုံးပြုခြင်းမရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဌာနဆိုင်ရာအဖွဲ့များဖြင့် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၁၂ ရက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် ၂ ထပ်တိုက်လူနေအဆောက်အအုံ ၂ လုံးအားလည်းကောင်း၊ ဩဂုတ်လ ၁၃ ရက်တွင် ၁ ထပ်လူနေ

**စာမျက်နှာ ၂၃ သို့ →**

→ စာမျက်နှာ ၂၂ မှအဆက်

အဆောက်အအုံ ၁ လုံးအားလည်းကောင်း၊ ဩဂုတ်လ ၁၄ ရက်တွင် ၁ ထပ် လူနေ အဆောက်အအုံ ၁ လုံးအားလည်းကောင်း၊ ဩဂုတ်လ ၁၅ ရက်တွင် ၁ ထပ်လူနေ အဆောက်အအုံ ၁ လုံးအားလည်းကောင်း၊ ဩဂုတ်လ ၁၆ ရက်တွင် ၁ ထပ်လူနေ အဆောက်အအုံ ၁ လုံးအားလည်းကောင်း၊ ယနေ့တွင် ၁ ထပ်လူနေအဆောက်အအုံ ၁ လုံးနှင့် ၃ ထပ်လူနေအဆောက်အအုံ ၁ လုံးတို့အားလည်းကောင်း၊ စုစုပေါင်း အဆောက်အအုံ ၈ လုံးကို ယမ်းများဖြင့် စနစ်တကျဖောက်ခွဲဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါနယ်မြေအတွင်းအွန်လိုင်း လိမ်လည်လောင်းကစားမှုများ အခြေချ လုပ်ကိုင်မှုမရှိစေရေး နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဩဂုတ်လ ၂ ရက်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် အထက်ပါဖမ်းဆီးရမိခဲ့သည့်နေရာ၏အရှေ့ တောင်ဘက် မီတာ ၄၀၀၀ ခန့် အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန် ရာတွင် အသုံးပြုခဲ့သည့် အလျား ၁၀၀ ပေ၊ အနံ ၄၀ ပေ သွပ်မိုး ၁ ထပ် အဆောက်အုံ ၁ လုံး၊ အလျား ၈၀ ပေ၊ အနံ ၂၀ ပေ၊ သွပ်မိုး ၁ ထပ် အဆောက်အအုံ ၁ လုံး၊ အလျား ၅၀ ပေ၊ အနံ ၄၀ ပေ သွပ်မိုး ၁ ထပ် အဆောက်အအုံ ၂ လုံး၊ အလျား ၅၀ ပေ၊ အနံ ၂၀ ပေ သွပ်မိုး ၁ ထပ် အဆောက်အအုံ ၁ လုံး၊ အလျား ၆၀ ပေ၊ အနံ ၂၀ ပေ သွပ်မိုး ၁ ထပ် အဆောက်အအုံ ၁ လုံး၊ အလျား ၃၀ ပေ အနံ ၂၀ ပေ Steel Structure ရေတိုင်ကီ အကြီး ၂ လုံးပါသွပ်မိုး အဆောက်အအုံ ၁ လုံး တို့အား ထပ်မံသိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် အွန်လိုင်း လိမ်လည်လောင်းကစားမှုကျူးလွန်သူများ အား အခကြေးငွေရယူပြီး အကာအကွယ် ပေးနေသည့် အကြမ်းဖက်သောင်းကျန်း သူများနှင့် ထိတွေ့တိုက်ပွဲ ၇ ကြိမ် ဖြစ်ပွား ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ၊ ခဲယမ်း နှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။


နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ် လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက် ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား ၍ တက်ကြွစွာဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို တွေ့မြင်ရစဉ်




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၂-၈-၂၀၂၆)

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၂-၈-၂၀၂၆)

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေပုံ



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၂-၈-၂၀၂၆)

ဖြိုဖျက်ပြီး



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၂-၈-၂၀၂၆)

ဖြိုဖျက်ပြီး



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၅-၈-၂၀၂၆)

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၅-၈-၂၀၂၆)

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၅-၈-၂၀၂၆)

ဖြိုဖျက်ပြီးပုံ




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၆-၈-၂၀၂၆)

မဖြိုဖျက်မီ




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၆-၈-၂၀၂၆)

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၆-၈-၂၀၂၆)

ဖြိုဖျက်ပြီးပုံ




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၇-၈-၂၀၂၆)

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၇-၈-၂၀၂၆)

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးမှု (၁၇-၈-၂၀၂၆)

ဖြိုဖျက်ပြီးပုံ



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အကြမ်းဖက်စခန်း၊ ပစ်ကျင်း၊ ဘန်ကာနေရာများအား တွေ့ရစဉ်



# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲကျင်းပ



မြစ်ကြီးနား သြဂုတ် ၁၇

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် အာဟာရချက်ပြုတ်သရုပ်ပြ ပြိုင်ပွဲ၊ စံပြမိခင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ စုပေါင်းရုံး မနောရွှေပြည်ခန်းမ၌ကျင်းပပြီး ဆုရရပ်ကွက်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်း၊ အာဟာရဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များကို စံပြမိခင်ဆုများပေးအပ် ချီးမြှင့်ခြင်းနှင့် အာဟာရများထောက်ပံ့ခြင်း တို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အာဟာရဗဟုသုတများ ဖြန့်ဝေကျင့်သုံးခြင်းဖြင့် ပြည်နယ်အတွင်း ပြည်သူလူထု တစ်ရပ်လုံးကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုအလေ့အထများ ပိုမိုဖြစ်ထွန်းလာကာ အာဟာရပြည့်ဝကျန်းမာဉာဏ်ရည်မြင့်မားသောမိသားစုနှင့် ဒေသအကျိုးသယ်ပိုးနိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းမှာကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကိုအာဟာရပြည့်ဝမှုတစ္စာ ချက်ပြုတ်စားသောက်တတ်စေရန်နှင့် မြစ်ကြီးနားမြို့နယ်၏အာဟာရမှုတမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရပ်ကွက်များအလိုက် အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မူကြိုကလေးငယ်များအား အားဆေးများ တိုက်ကျွေး၍ အာဟာရများဝေငှပေးကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

❐ **ကျောဖုံးမှအဆက်**

အမျိုးသား ၆၃ ဒသမ ၅ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို (ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲများယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသား ၆၃ ဒသမ ၅ ကီလိုလူသစ်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ဇော် (အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မင်းခန့်ဇော် (အပြာ)တို့ ယှဉ်ပြိုင်ရာ ကောင်းခန့်ဇော် (အနီ) ကလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ စရဲမြင့်အေး(အနီ)နှင့်ပဲခူးတိုင်းဒေသကြီးအသင်းမှ လွင်ကိုကိုထက်(အပြာ) တို့ယှဉ်ပြိုင်ရာ လွင်ကိုကိုထက်(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်ကောင်းမြတ်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောသိန်းဇော်မြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ကောင်းမြတ်(အနီ) ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှထက်ပိုင်စိုး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောအောင်ချစ်ကြည်(အပြာ)တို့ ယှဉ်ပြိုင်ရာ စောအောင်ချစ်ကြည် (အပြာ) ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၁ ကီလို (ဂ အဆင့်)ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဟန်ထူးဇော်(အနီ) နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးလွင်(အပြာ)တို့ယှဉ်ပြိုင်ရာ ဟန်ထူးဇော် (အနီ)ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းမှ ကောင်းခန့်ကျော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ မင်းသစ္စာ(အပြာ) တို့ယှဉ်ပြိုင်ရာ မင်းသစ္စာ(အပြာ)ကလည်းကောင်း၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ကျော်ကျော်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ပြည့်စုံဖြိုး(အပြာ)တို့ယှဉ်ပြိုင်ရာ အောင်ကျော်ကျော်(အနီ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အံ့ထူးခန့် (အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောပစော်ဖော(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစော်ဖော(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ညီနိုင်ဝင်း(အနီ)နှင့် မန္တလေးတိုင်းဒေသကြီး အသင်းမှ နန္ဒ(အပြာ)တို့ယှဉ်ပြိုင်ရာ ညီနိုင်ဝင်း(အနီ)ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်(အနီ) နှင့် ကရင်ပြည်နယ်အသင်းမှ အောင်သန်းဇော်မြင့်(အပြာ)တို့ယှဉ်ပြိုင်ရာ အောင်သန်းဇော်မြင့်(အပြာ)ကလည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့ပြင် အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက် (အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ရဝေလှိုင်(အပြာ)တို့ယှဉ်ပြိုင်ရာ ရဝေလှိုင် (အပြာ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှသက်ထားဗိုလ်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှနော်ပွင့်ချော့စု(အပြာ) တို့ ယှဉ်ပြိုင်ရာ သက်ထားဗိုလ်(အနီ)ကလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ နန်းမြင့်မြင့်အေး(အနီ)နှင့် ကရင်ပြည်နယ် အသင်းမှ နန်းသဇ္ဇာမိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ နန်းသဇ္ဇာမိုး(အပြာ)ကလည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ပိုင်ပိုင်စံ(အနီ) နှင့် ရှမ်းပြည်နယ်အသင်းမှ ခင်စန္ဒာအောင် (အပြာ)တို့ယှဉ်ပြိုင်ရာ ခင်စန္ဒာအောင် (အပြာ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင် ရရှိခဲ့သည်။

သြဂုတ်လ ၁၈ ရက် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြဝတီ**

➢ **အာရှအမျိုးသမီးချန်ပီယံလိဂ်မှ**

ဧရာဝတီအသင်းသည် ယနေ့ပွဲအနိုင်ရရန် ပြည်ပကစားသမားခြောက်ဦးအထိ ထည့်သွင်းကစားခဲ့သည်။ ပွဲကစားချိန် ၃၅ မိနစ်တွင် ယူရီကာဆိုင်း၏ တစ်ကိုယ်တော်တိုးအားရှန်းကနေ သွင်းယူသည့် ဦးဆောင်ဂိုးကိုခွင့်ပြုပေးလိုက်ရ၍ ပထမပိုင်းတွင် ဧရာဝတီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ဝင်းသိင်္ဂီထွန်း၊ လင်းမြင့်မိုရ်၊ နော်ထက်ထက်ဝေတို့အတွဲကနေ ဧရာဝတီအသင်း တိုက်စစ်ဆင်ဂိုးခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်လာသည်။ ပွဲကစားချိန် ၅၅ မိနစ်အရောက်တွင် မတ်ဆူရိုရဲ့ဖန်တီးပေးပို့မှုကနေ ဝင်းသိင်္ဂီထွန်းက ဧရာဝတီအသင်းအတွက် ဒုတိယဂိုးကို သွင်းယူသွားသည်။

ပွဲကစားချိန် ၅၉ မိနစ်တွင် လင်းမြင့်မိုရ်က တတိယဂိုးနှင့် ပွဲကစားချိန် ၇၈ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက စတုတ္ထဂိုးသွင်းယူမှုတို့ကို ခွင့်ပြုပေးခဲ့ရသည်။ လက်ကျန်ပွဲကစားချိန်တွင် နှစ်ဖက်အသင်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဧရာဝတီအသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အက်ဖ်စီဂျူရောင်းအသင်းကို အနိုင်ရရှိသွားသည်။

ခြေစစ်ပွဲကို သြဂုတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ အုပ်စု ၆ စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပမည့် အုပ်စု(F)တွင် ဧရာဝတီ(မြန်မာ)၊ FC JURONG (စင်ကာပူ)၊ New Taipei City Hang Yuan FC (တရုတ်တိုင်ပေ)နှင့် No Limits(လက်ဘနွန်) တို့ပါဝင်ကာ အုပ်စု(F)ပွဲစဉ်များကို တစ်ရက်လျှင် နှစ်ပွဲနှုန်းကျင်းပမည်ဖြစ်သည်။ ဧရာဝတီအသင်းသည် သြဂုတ်လ ၂၀ ရက်တွင် အုပ်စုဒုတိယပွဲစဉ်အဖြစ် လက်ဘနွန်ကလပ် No Limits FC အသင်း၊ သြဂုတ်လ ၂၃ ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် တရုတ်တိုင်ပေကလပ် New Taipei City Hang Yuan FC အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၏ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှအမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ဝန်းရံခ**

**နံနက်စောစောအိပ်ရာထသူသည် လန်းဆန်းတက်ကြွသောခံစားမှုကို ရရှိနိုင်သည်။**

# ၂၀၂၆ ခုနှစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း(ဖိတ်ခေါ်) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဟိုပုံး သြဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၆ ခုနှစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း (ဖိတ်ခေါ်) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေ ၃ နာရီခွဲက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်တွင် ထမ်းဘုရားပေါက် အမျိုးသားဘောလုံးအသင်းနှင့်အနောက်ရပ် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့်အဖွဲ့ဝင်များ၊ ဒေသအဆင့်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ဘောလုံးဝါသနာရှင်များက ကြည့်ရှုအားပေးရာ ထမ်းဘုရားပေါက် အမျိုးသားဘောလုံးအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ လုံခြုံရေး၊ ကျန်းမာရေးကူညီဆောင်ရွက်သူများနှင့် ဒိုင်အဖွဲ့များကို ဂုဏ်ပြုငွေများပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးခွန်ဝင်းနောင်က ဒုတိယဆုရရှိသော အနောက်ရပ်အမျိုးသားဘောလုံးအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဘုန်းကြွယ်ဟန်က ငွေသားဆုငွေကျပ် ၁၅ သိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ညီမောင်က ပထမဆုရရှိသော ထမ်းဘုရားပေါက် အမျိုးသားဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က ပထမဆုရရှိသော ထမ်းဘုရားပေါက် အမျိုးသားဘောလုံးအသင်းအား ငွေသားဆုငွေကျပ်သိန်း ၂၀ နှင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။




**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ရေကြီးရေလျှံအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်သတိပြုဖွယ်ရာများ

- ❖ **ရေမကြီးမီ ကြိုတင်ပြင်ဆင်မှုများ၊ ရေကြီးနေချိန်အတွင်း ဆောင်ရန်ရှောင်ရန်များ၊ ရေပြန်ကျပြီးနောက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရောဂါကာကွယ်ရေးတို့ကို စနစ်တကျလိုက်နာကျင့်သုံးနိုင်မှသာ ဤသဘာဝဘေး၏ဒဏ်ကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ် . . .**
- ❖ **ဤကဲ့သို့သော ဘေးအန္တရာယ်များသည် တစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် ကျော်လွှား၍ မရနိုင်ဘဲ မိသားစု၊ ရပ်ရွာနှင့်လူထုတစ်ရပ်လုံး၏စုပေါင်းပူးပေါင်းဆောင်ရွက်မှသာ ကျော်လွှားနိုင်မည်ဖြစ် . . .**
- ❖ **အချင်းချင်းသတင်းမျှဝေခြင်း၊ သတိပေးနှိုးဆော်ခြင်း၊ ကူညီရှင်းလင်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများဖလှယ်ခြင်းတို့ဆောင်ရွက်ရမည်ဖြစ် . . .**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များကို ပိုမိုကျရောက်လာပြီး ပြင်းအားလည်း ပိုမိုကြီးမားလာသည်ကိုတွေ့ရှိရသည်။ ထိုသဘာဝဘေးအန္တရာယ်များအနက် မုတ်သုံမိုးပြင်းထန်စွာ ရွာသွန်းမှု၊ ရုတ်တရက် မိုးသီးမိုးသက်များ ကျရောက်မှုနှင့် မြစ်ရေ၊ ချောင်းရေ လျှံတက်မှုတို့ကြောင့် ဖြစ်ပေါ်လာရသည့် "ရေကြီးရေလျှံမှုအန္တရာယ်" သည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်၊ အခြေခံအဆောက်အအုံများနှင့် ဒေသန္တရစိုက်ပျိုးရေးလုပ်ငန်းများကို ရုတ်တရက်ဖျက်ဆီးပစ်နိုင်သော အဖျက်စွမ်းအားကြီးမားသည့် ဘေးဒုက္ခတစ်ခုဖြစ်သည်။

ရေဘေးဒုက္ခကျရောက်သည့်အခါ ရေနစ်မြုပ်မှု၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုနှင့် စီးပွားရေးပျက်စီးဆုံးရှုံးမှုစသည့် ထိခိုက်မှုများအပြင် ယင်းနှင့်အတူ ကပ်ပါလာတတ်သည့် အဆိုးရွားဆုံး နောက်ဆက်တွဲခြိမ်းခြောက်မှုမှာ "ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များ" ပင်ဖြစ်သည်။ ရေကြီးရေလျှံသည့်ကာလအတွင်း၌လည်းကောင်း၊ ရေပြန်ကျသွားသည့် နောက်ဆက်တွဲကာလများ၌လည်းကောင်း ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှု အရှိန်မြင့်တက်လာလေ့ရှိရာ လူထု၏ကျန်းမာရေးနှင့် အသက်အန္တရာယ်ကိုပါ စိန်ခေါ်လျက်ရှိသည်။

**ရေမကြီးမီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ**

မိုးရာသီကာလသို့ ရောက်ရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ဒေသအချို့တွင် မုတ်သုံလေအားကောင်းမှုနှင့်အတူ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း သတင်းများတွင် တွေ့မြင်နေကြရသည်။ နိုင်ငံအထက်ပိုင်း မြစ်ညာဒေသများတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားလာခြင်းသည် မြစ်အောက်ပိုင်းနှင့် မြေနိမ့်ဒေသများအတွက် သတိထားစရာပင်ဖြစ်သည်။ မိမိတို့နေထိုင်ရာဒေသ၏ ပထဝီအနေအထားအရ ရေကြီးရေလျှံမှုဖြစ်လာနိုင်သည့် အခြေအနေများရှိပါက ဘေးအန္တရာယ် လျော့ပါးသက်သာစေရန် ကြိုတင်ပြင်ဆင်မှုများဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ ပထမဦးစွာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သည့် သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ အခြားသူများကိုလည်း သတင်းများ မျှဝေအသိပေးရန် လိုအပ်သည်။ တောင်ပေါ်ဒေသများ၊ မြစ်ဖျားနှင့် ချောင်းဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက် ရုတ်တရက် လျှပ်တစ်ပြက် ရေကြီးနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်ပြီး ရေကြီးခြင်းသတိပေးချက်ရသည်နှင့် အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်မကွာဆောင်ထားရမည်။ ရေဘေးအတွင်း မိသားစုများ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်နိုင်ရန် မိသားစုဝင်တစ်ဦးစီ၏ အမည်၊ ရပ်ကွက်/ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူနှင့် ဖုန်းနံပါတ်စသည်တို့ကို စာရွက်ပေါ်တွင်ရေးသား၍ မိသားစုဝင်တိုင်းဆောင်ထားကြရမည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ညွှန်ကြားချက်ရရှိပါက ကြိုတင်ရွေးချယ်ထားသော ဘေးလွတ်ရာသတ်မှတ်နေရာများသို့ အချိန်မီရွှေ့ပြောင်း ခိုလှုံကြရမည်ဖြစ်သည်။

**ရေကြီးမှုဖြစ်ပေါ်နေချိန်တွင် ဆောင်ရန်နှင့် ရှောင်ရန်များ**

ရေကြီးမှုစတင်ဖြစ်ပေါ်လာပြီဆိုသည်နှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ကြေညာသည့်သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အိမ်တွင်းရှိ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်မိန်းခလုတ်များကို ပိတ်ထားရမည်။ သောက်သုံးရေအတွက် သောက်ရေသန့်၊ ကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ သောက်သုံးရမည်ဖြစ်ပြီး အိမ်နှင့်ခြံဝင်းအတွင်း အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေခြင်း ရှိ၊ မရှိ သေချာစွာ စစ်ဆေးရမည်။ ထို့ပြင် တိရစ္ဆာန်များကို မလိုအပ်ဘဲ ကြိုးချည်နှောင်ထားခြင်း၊ မြစ်၊ ချောင်း၊ ကမ်းပါးများအနီးသို့သွားရောက်ခြင်း၊ ရေကူးခြင်းနှင့် ကစားခြင်း၊ ရေစိုနေသည့် လျှပ်စစ်ပစ္စည်းများကို အသုံးပြုခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်။ ရေကြီးနေချိန်အတွင်း ဘေးကင်းလုံခြုံရေးသည် အဓိကဖြစ်သောကြောင့် အထက်ပါအချက်များကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် အသက်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

**ရေပြန်ကျပြီးနောက် ဆောင်ရွက်ရမည့်အချက်များ**

ရေကြီးပြီးနောက် ရေပြန်ကျသွားသည့်အခါ ပထမဆုံးအနေဖြင့် မိသားစုဝင်များ ပျောက်ဆုံး/ ကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။ ထို့နောက် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်ရာ ရေကျသွားပါက အမှိုက်များ၊ တိရစ္ဆာန် အသေကောင်များကို စနစ်တကျ မီးရှို့ခြင်း သို့မဟုတ် မြေမြှုပ်ခြင်းတို့ဖြင့် ရှင်းလင်းရမည်။ ပြုတ်ကျနေသော ဓာတ်ကြိုးများ၊ လဲကျနိုင်သော ဓာတ်တိုင်များနှင့် သစ်ကိုင်းများကို သတိပြုရှောင်ရှားပြီး သက်ဆိုင်ရာသို့ အကြောင်းကြား၍ ကူညီရှင်းလင်းရမည်ဖြစ်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချင်းချင်း ကူညီပူးပေါင်းဆောင်ရွက်ကြရမည်။ ဤသို့ စနစ်တကျပြန်လည်ထူထောင်မှုများ ပြုလုပ်ခြင်းဖြင့် ရေဘေး၏နောက်ဆက်တွဲ ထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

**ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ကာကွယ်ရေးနည်းများ**

ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီးနောက် မသန့်ရှင်းသော ရေနှင့်ပတ်ဝန်းကျင်တို့ကြောင့် ကူးစက်ရောဂါများ ပြန့်ပွားလာနိုင်သည်ကို အထူးသတိပြုရမည်။ သောက်သုံးရေအရင်းအမြစ်များ ညစ်နွမ်းသွားခြင်းနှင့် မိလ္လာစနစ်များ ပျက်စီးယိုယွင်းခြင်းတို့ကြောင့် ရေမှတစ်ဆင့် ကူးစက်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်နှင့် လက်ပတိုစပိုင်ရိုးဆစ်(Leptospirosis)တို့ အလွယ်တကူဖြစ်ပွားနိုင်သဖြင့် သန့်ရှင်းသောရေကိုသာ သောက်သုံးခြင်း၊ အစားအစာများကို သေချာစွာ ချက်ပြုတ်စားသုံးခြင်းတို့ဖြင့် ကာကွယ်ရမည်။ ထို့ပြင် ရေဝပ်ဧရိယာများတွင် ခြင်များပေါက်ပွားရာမှ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားနိုင်သဖြင့် အိမ်ဝန်းကျင်ရှိ ရေဝပ်နေရာများကို ဖယ်ရှားခြင်း၊ ခြင်ထောင်အသုံးပြုခြင်းနှင့် ခြင်ဆေးများသုံးစွဲခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။ မသန့်ရှင်းသော ရေထဲတွင် အချိန်ကြာမြင့်စွာ ရေစိမ်ခြင်းကြောင့် ဝဲ၊ ပွေး စသည့် အရေပြားရောဂါများ ဖြစ်ပွားတတ်သဖြင့် ရေထဲတွင် ကြာရှည်နေခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး မဖြစ်မနေ ရေနှင့်ထိတွေ့ပါက ဆပ်ပြာ၊ သန့်ရှင်းသောရေတို့ဖြင့် ချက်ချင်းဆေးကြောသန့်စင်ရမည်။

သဘာဝတရားသည် လူသားတို့အား အေးချမ်းသာယာမှုကိုသာမက စိန်ခေါ်မှုကြီးမားသော ရိုက်ခတ်မှုများကိုလည်း ပေးအပ်တတ်သည်ကို ရေကြီးရေလျှံဘေးဒုက္ခတစ်ခုတည်း၌ပင် တွေ့နိုင်ပေသည်။ ဤဘေးအန္တရာယ်သည် ရေဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရသည့် မျက်မြင်ဆုံးရှုံးမှုများအပေါ်၌သာအဆုံးသတ်မသွားဘဲ ထိုထက်ပိုမိုကြောက်မက်ဖွယ်ကောင်းသော နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ကပ်ဘေးများကိုပါ ကွင်းဆက်သဖွယ် သယ်ဆောင်လာတတ်သည်။ သန့်ရှင်းမှုကင်းမဲ့သောရေနှင့် ပတ်ဝန်းကျင်က ဖန်တီးပေးသည့် ကူးစက်ရောဂါများ၊ ရေဝပ်ဒေသများမှ ပေါက်ပွားလာသော ခြင်၊ ယင်တို့ကြောင့်ဖြစ်သည့် ရောဂါများဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ်၌သာမက ကျန်းမာရေးဆိုင်ရာ ကြိုတင်သတိပြုမှုများကိုပါ အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်သည်။

ရေမကြီးမီ ကြိုတင်ပြင်ဆင်မှုများ၊ ရေကြီးနေချိန်အတွင်း ဆောင်ရန်ရှောင်ရန်များ၊ ရေပြန်ကျပြီးနောက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရောဂါကာကွယ်ရေးတို့ကို စနစ်တကျလိုက်နာကျင့်သုံးနိုင်မှသာ ဤသဘာဝဘေး၏ဒဏ်ကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ဤကဲ့သို့သော ဘေးအန္တရာယ်များသည် တစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် ကျော်လွှား၍ မရနိုင်ဘဲ မိသားစု၊ ရပ်ရွာနှင့် လူထုတစ်ရပ်လုံး၏ စုပေါင်းပူးပေါင်းဆောင်ရွက်မှသာ ကျော်လွှားနိုင်မည်ဖြစ်သည်။ အချင်းချင်းသတင်းမျှဝေခြင်း၊ သတိပေးနှိုးဆော်ခြင်း၊ ကူညီရှင်းလင်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ ဖလှယ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။ ရေဘေးအလွန် ပြန်လည်ထူထောင်ရေးကာလတွင်လည်း ရောဂါလက္ခဏာများကို စောစီးစွာ သိရှိကုသခြင်းနှင့် ပံ့ပိုးကူညီမှုများပေးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

သဘာဝတရား၏ ရိုက်ခတ်မှုကို ကျွန်ုပ်တို့ တားဆီး၍မရသော်လည်း ကြိုတင်ပြင်ဆင်မှု၊ အသိပညာနှင့် စုပေါင်းဆောင်ရွက်မှုတို့ဖြင့် ၎င်း၏ဆိုးကျိုးများကို သိသိသာသာ လျှော့ချနိုင်သည်။ ရေကြီးရေလျှံဘေးအန္တရာယ်သည် လူသားတို့အား သဘာဝနှင့်လိုက်လျောညီထွေနေထိုင်တတ်စေရန်၊ အရေးပေါ်အခြေအနေများအတွက် အမြဲအသင့်ရှိနေစေရန်နှင့် ကျန်းမာရေးကို တန်ဖိုးထားတတ်စေရန် သင်ပြပေးသော သင်ခန်းစာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အဆိုပါသင်ခန်းစာများကို ဆင်ခြင်သုံးသပ်ကာ ယခုနှစ်၏ မိုးရာသီသာမက နောင်နှစ်များအတွက်ပါ ကြိုတင်ပြင်ဆင်နေထိုင်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုလုံခြုံသော၊ ကျန်းမာသော ဘဝလမ်းကြောင်းကို တည်ဆောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

**ကိုဘုန်း**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မာချာဒိုဂယ်ရီအား ဒိုင်မှတ်ဖြင့်အနိုင်ရရှိပြီး UFC ဝယ်တာဝိတ်တန်းချန်ပီယံခါးပတ်ကို အစ္စလာမ်မာခါချက်ဗ်ကာကွယ်




ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် UFC 330 ပြိုင်ပွဲတွင် UFC ဝယ်တာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့သည့် လက်ရှိချန်ပီယံ အစ္စလာမ်မာခါချက်ဗ်နှင့် စိန်ခေါ်သူ မာချာဒိုဂယ်ရီတို့ပွဲစဉ်တွင် အစ္စလာမ်မာခါချက်ဗ်က ဒိုင်မှတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပထမအချီကတည်းက အစ္စလာမ်မာခါချက်ဗ်က ချုပ်ကွက်များဖြင့်ထိန်းချုပ်ကာ မာချာဒိုဂယ်ရီအား ဖိအားပေးနိုင်ခဲ့သော်လည်း မာချာဒိုဂယ်ရီက အကောင်းဆုံးပြန်လည်တုံ့ပြန်နိုင်ခဲ့ပြီး တတိယအချီတွင် မာချာဒိုဂယ်ရီက ထိရောက်သည့် လက်သီးချက်များဖြင့် တုံ့ပြန်နိုင်ခဲ့သော်လည်း စတုတ္ထအချီနှင့် နောက်ဆုံးအချီတို့တွင် အစ္စလာမ်မာခါချက်ဗ်က ချုပ်ကွက်များဖြင့် ပွဲကိုအဆုံးသတ်ရန် ကြိုးပမ်းခဲ့မှုကြောင့် မာချာဒိုဂယ်ရီအနေဖြင့် ခက်ခက်ခဲခဲတုံ့ပြန်ကစားခဲ့ရပြီး ပွဲအပြီးတွင် ဒိုင်မှတ်ဖြင့် လက်ရှိချန်ပီယံ အစ္စလာမ်မာခါချက်ဗ်က အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

အစ္စလာမ်မာခါချက်ဗ်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက UFC ဝယ်တာဝိတ်တန်းချန်ပီယံခါးပတ်ကို စတင်ရရှိခဲ့ပြီးနောက် ချန်ပီယံခါးပတ်ကို ထိန်းထားနိုင်ခဲ့ပြီး လက်ရှိ မာချာဒိုဂယ်ရီနှင့် ယှဉ်ပြိုင်သည့်ပွဲစဉ်တွင် ဒိုင်မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အစ္စလာမ်မာခါချက်ဗ်သည် ၁၇ ပွဲ ဆက်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည့်အတွက် UFC ပြိုင်ပွဲတွင် ၁၆ ပွဲဆက်နိုင်ပွဲရရှိပြီး နိုင်ပွဲဆက်မှုအများဆုံးအဖြစ် ရပ်တည်နေသည့် ဘရာဇီးဖိုက်တာ အန်ဒါဆန်ဆေးဗားလ်အား ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

Ref:UFC.com

# ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်တစ်နေရာအတွက် ရှုံးထွက်အဆင့်ကို ခြောက်သင်းကစားရမည်

လန်ဒန် ဩဂုတ် ၁၇

ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်နောက်ဆုံးနေရာအတွက် ရှုံးထွက်အဆင့်ကို ပြီးခဲ့သည့်ဘောလုံးရာသီအထိ အဆင့်(၃)နေရာမှ အဆင့်(၆)နေရာအထိ ရပ်တည်နိုင်သည့် အသင်းလေးသင်းဖြင့် ကျင်းပခဲ့ရာမှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် အသင်းခြောက်သင်းဖြင့် တိုးမြှင့်ကျင်းပမည်ဖြစ်သည်။

အစောပိုင်းက ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဘောလုံးရာသီတိုင်းတွင် ချန်ပီယံရှစ်ပြိုင်ပွဲမှ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့် အသင်းနှင့် အမှတ်ပေးဇယားအဆင့်(၂)နေရာမှ အသင်းနှစ်သင်းတို့အနေဖြင့် နောက်ပိုင်းရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိပြီး လက်ကျန်တစ်နေရာအတွက် အဆင့်(၃)နေရာမှ အဆင့်(၆)နေရာအထိ အသင်းများအနေဖြင့် ရှုံးထွက်အဆင့်ကစားပြီး တစ်သင်းက တန်းတက်ခွင့်ရရှိခြင်းဖြစ်သည်။

သို့သော် ယခုဘောလုံးရာသီမှစတင်ပြီး ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်အတွက် စည်းမျဉ်းအပြောင်းအလဲလုပ်ဆောင်မည်ဖြစ်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည့်အသင်းနှင့် အဆင့်(၂)နေရာမှ နှစ်သင်းက ပုံမှန်အတိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိမည်ဖြစ်သော်လည်း အဆင့်(၃)နေရာမှ အဆင့်(၈)နေရာအတွင်း ရပ်တည်နိုင်သည့် အသင်းခြောက်သင်းအနေဖြင့် ရှုံးထွက်အဆင့်ကစားပြီးလျှင် တစ်သင်းက တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကိုဗင်ထရီအသင်းက ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး အဆင့်(၂)နေရာမှ အစ်ဝှစ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့သည်။ အဆင့်(၃)နေရာမှ မီဝေါလ်အသင်း၊ အဆင့်(၄)နေရာမှ ဆောက်သမ်တန်အသင်း၊ အဆင့်(၅)နေရာမှ မစ်ဒယ်ဘရော့အသင်းနှင့် အဆင့်(၆)နေရာမှ ဟူးလ်စီးတီးအသင်းက ရှုံးထွက်အဆင့်ကစားပြီးနောက် ဟူးလ်စီးတီးအသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် အသင်းခြောက်သင်းက ရှုံးထွက်အဆင့်ကစားရမည်ဖြစ်သည့်အတွက် ချန်ပီယံရှစ်ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတန်းတက်ခွင့်ရရှိရေးအတွက် မျှော်လင့်ချက်ပိုမိုရှိလာမည်ဖြစ်ကြောင်း သိရသည်။

Ref:Sky News

# ယခုဘောလုံးရာသီအကုန်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း စီရော်နယ်ဒိုပြောကြား



ရီယက် ဩဂုတ် ၁၇

ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ယခုဘောလုံးရာသီအကုန်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိပြီး နောက်ဆုံးဘောလုံးရာသီဖြစ်လာနိုင်ကြောင်း ကစားသမားဘဝအနားယူရေးနှင့်ပတ်သက်၍ အရိပ်အမြွက်ပြောကြားခဲ့သည်။

အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် အယ်နာဆာအသင်းထံ အလွတ်ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့စာချုပ်သက်တမ်းမှာ တစ်ရာသီသာကျန်ရှိတော့သော်လည်း အယ်နာဆာအသင်းအနေဖြင့် အသင်းငွေကြေးပိုင်းအခက်အခဲများကြောင့် မြင့်မားသည့်လုပ်ခလစာပေးချေနေရသည့် စီရော်နယ်ဒိုအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အစီအစဉ်မရှိသည့်အတွက် စီရော်နယ်ဒိုအနေဖြင့် ရာသီအကုန်တွင် အယ်နာဆာအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးလျှင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ဖွယ်ရှိနေသည်။

"ဒီရာသီက ကျွန်တော့်အတွက် နောက်ဆုံးဘောလုံးရာသီဖြစ်လာနိုင်ပါတယ်။ ထူးခြားပြီး အမှတ်ရစရာကောင်းတဲ့ အမွေအနှစ်တစ်ခုချန်ထားချင်ပါတယ်။ ကစားသမားဘဝကနေ အနားယူပြီးရင် အနာဂတ်အတွက်အစီအစဉ်အားလုံးကို စီစဉ်ထားပြီးပါပြီ"ဟု စီရော်နယ်ဒိုကပြောသည်။

စီရော်နယ်ဒိုသည် ၂၀၀၂ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ပရော်ဖက်ရှင်နယ်ကစားသမားဘဝစတင်ပြီးနောက် မန်ယူအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်စ်အသင်းစသည့် ဥရောပထိပ်တန်းအသင်းကြီးများသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ လက်ရှိဘောလုံးလောကတွင် မက်ဆီနှင့်အတူ အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ စီရော်နယ်ဒိုသည် ယခုဘောလုံးရာသီတွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဘောလုံးရာသီ ၂၅ ရာသီဆက်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref:Fabrizio Romano

# လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ သတင်းအတိုများ

- ဘာစီလိုနာအသင်းက အယ်ဟီလယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့သည့် တောင်ပံကစားသမား ဂျာအိုကန်ဆယ်လိုအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီး မန်စီးတီးအသင်းမှခေါ်ယူရန်ကြိုးပမ်းနေသည့် ရိုဒရီအားခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်း၏နေရာ၌ အစားထိုးရန် မန်စီးတီးအသင်းမှ ဟာလန်းအား ခေါ်ယူရန်စီစဉ်နေသည်။
- လီဗာပူးအသင်းက အသင်းကွင်းလယ်ပိုင်းအတွက် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာမည့် လူငယ်ကစားသမားနော့ဝါတန်အား ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၇၈ သန်းအပြင် အပိုဆုကြေးပေးချေပြီး ခေါ်ယူရန်ကြိုးပမ်းနေသည်။
- အေစီမီလန်အသင်းက ရောင်းချရန်အရောင်းစာရင်းတင်ထားသည့် အန်ကူကူအား အသင်းဟောင်းလိုက်ပဇစ်အသင်းနှင့်အတူ ဒေါ့မွန်အသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေသည်။
- အဲဗာတန်အသင်းက အပြောင်းအရွှေ့ကာလမပြီးဆုံးမီ စပါးအသင်းမှ ကွင်းလယ်ကစားသမား ပါပီဆားအားခေါ်ယူရန် ကြိုးပမ်းနေသည်။

## ဗိုလ်လောင်းလျှောက်လွှာများ
## အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၁၃၃၁၊ ၀၁၃၆-၃၀၁၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off)**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၄၄၄၄၁၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### အဆောက်အအုံနှင့်ကုန်ရုံဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဘိလပ်မြေအိတ်(525 R)အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ | - (၁၇-၈-၂၀၂၆)မှ(၃၁-၈-၂၀၂၆)ထိ |
| (ခ) | တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန် | - (၃၁-၈-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - (၃-၉-၂၀၂၆)ရက်၊ (ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| (င) | တင်ဒါလျှောက်လွှာ တစ်စုံဈေးနှုန်း | - ၁၀၀၀၀ိ/- |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၇၉၈၅၄၄၉၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### အလုပ်သမားဝန်ကြီးဌာန
### (နှစ်ဆင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ စာချုပ်ဆေးခန်းများတွင်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို စာချုပ်ဆေးဆိုင်ကောင်တာဖွင့်လှစ်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးသိုလှောင်ရေးဌာန၊ အလုပ်သမားဆေးရုံကြီးများ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများသို့ အရောက်ပေးပို့၍လည်းကောင်း တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သောဆေးကုမ္ပဏီများအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသားပိုင်ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - ၁၇-၈-၂၀၂၆ ရက်နေ့မှ ၁-၉-၂၀၂၆ ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန် | - ၁၄-၉-၂၀၂၆ ရက်နေ့(၁၆: ၃၀)နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-၃/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/ စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website www.mol. gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website www.ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း - ၀၆၇-၃၄၁၇၉၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ် - Bridge/IR/Steel Truss/2026-2027/02

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တာဝန်ယူတည်ဆောက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ သုံးခွမြို့ရှောင်လမ်း၊ မိုင် ၃/၁-၃/၂ အတွင်းရှိ နံ့ယောတံတားအတွက်လိုအပ်သော Steel Truss (52.5 m x 1 Span) နှင့် ဆက်စပ်ပစ္စည်းများအား တံတားသံပေါင်များထုတ်လုပ်သော ပြည်တွင်းစက်ရုံများမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - (၂၀-၈-၂၀၂၆)(ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက်၊ အချိန် | - (၁-၉-၂၀၂၆)၊ (၁၄:၀၀)နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်၊ အချိန် | - (၁-၁၀-၂၀၂၆)၊ (၁၆:၀၀)နာရီ |
| ၅။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ နေပြည်တော် |
| ၆။ | တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် | - ထပ်မံအကြောင်းကြားပါမည်။ |

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၀၇၅၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန**
**ရုံးအမှတ်(၁၁)၊ နေပြည်တော်**

**ပျောက်ဆုံးကြောင်း**
မယဉ်ယဉ်ဖုန်း(ဘ)ဦးဟော်ရ်ကာဗဟာဒူး ၉/ပဥလ(နိုင်)၀၈၈၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 374377)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၁၄၈၈၂၄**

**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က Grade-8(B)တွင်ပညာသင်ကြားနေသောအဘ ဦးယုဆွေ၏သား မောင်Rသာစိုး၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်အာသာစိုး ဖြစ်ပါကြောင်း။ **မောင်အာသာစိုး**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က Grade-8 တွင် ပညာသင်ကြားနေသော မအင်ကြင်းဝေ၏ဖခင် ဦးသိန်းမြင့်၏အမည်မှန်မှာ ဦးစိန်မြင့် ၈/ရစက(နိုင်)၁၃၄၆၅၁ ဖြစ်ပါကြောင်း။ **ဦးစိန်မြင့်**

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ အ.ထ.က Grade-4 တွင် ပညာသင်ကြားနေသော အဘ ဦးမျိုးအောင်၏သား မောင်ဇေယျာဘုန်းလျှံအား ယနေ့မှစ၍ မောင်ဇေယျာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇေယျာဦး**

**အမည်မှန်**
အထက(၂)ပုသိမ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ မောင်အောင်မင်းခန့်၏ ဖခင် ဦးအုန်းမြင့်၏ အမည်မှန်မှာ ဦးအုံးမြင့် ၁၄/ပသန(နိုင်)၀၆၅၃၈၃ ဖြစ်ပါကြောင်း။ **ဦးအုံးမြင့်**

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ မူလွန်ကျောင်းမှ ဒုလယ်ပြဆရာမ ဒေါ်စောနန်းနွယ် ၇/ပခန(နိုင်)၀၀၄၆၃၈ ၏ ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်းဖြစ်ပါကြောင်း။ **ဦးမောင်ငြိမ်း**

**ပျောက်ဆုံးကြောင်း**
နော်ဖော့မူးဖွီး(ဘ)ဦးစောသာခွီး ၁၄/အမန(နိုင်)၁၈၀၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 297593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၅၃၅၃၂၄**

**ပျောက်ဆုံးကြောင်း**
နော်ဖော့ရှီး(ဘ)ဦးသာထော်ဂေး ၁၄/မမက(နိုင်)၁၈၄၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၃၀၅၃၈၅၁**

**ပျောက်ဆုံးကြောင်း**
စိုင်းလောဝ်ဟန်ခေးလှိုင်း(ဘ)ဦးစိုင်းသန်းအောင် ၁၃/ကဟန(နိုင်)၀၃၉၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 548922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း – ဖုန်း – ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် – အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၄
Myanmar MOBILE MONEY

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## လေဖိအားနည်း အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်- ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် စာမျက်နှာ ၁၁ ကော်လံ ၁ ➲

## ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖြိုချ၊ ဖျက်ဆီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များ သိမ်းပိုက်ရရှိ



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကိုပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက်ရှာဖွေနှိမ်နင်းခြင်း၊ အွန်လိုင်းလိမ်လည် စာမျက်နှာ ၂၂ ကော်လံ ၁ ➜

ယနေ့ဖတ်စရာ

မြဝတီ

### မြစိမ်းကတ္တီပါ ကော်ဇောမှာဝယ် စုန်ကာဆန်ချီလို့ကူ ပြည်သူများအတွက် DEMU

ဆောင်းပါး စာ - ၁၃ သို့

### ရေကြီးရေလျှံ အန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင် သတိပြုဖွယ်ရာများ

ဆောင်းပါး စာ - ၂၆ သို့



## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

United Kingdom (UK) နိုင်ငံ St Bartholomew's Hospital, Barts Heart Centre, နှလုံးသွေးလွှတ်ကြောခွဲစိတ်ကုဌာနမှ နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး(နှလုံးနှင့်သွေးကြောခွဲစိတ်)ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွဲဖက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ နှလုံးသွေးလွှတ်ကြောမ ပေါက်ပြဲသည့်ရောဂါ စာမျက်နှာ ၂၉ ကော်လံ ၃ ■

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မျိုးဆက်သစ်ရိုးရာလက်ဝှေ့အားကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် စာမျက်နှာ ၂၅ ကော်လံ ၄ ❐





## အာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲ ရှောဝတီအသင်းက အက်ဖ်စီဂျူရောင်းအသင်းကို ဂိုးပြတ်နိုင်

ရန်ကုန် ဩဂုတ် ၁၇

၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(F)ရဲ့ ပထမနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာအမျိုးသမီးကလပ် ရှောဝတီအသင်းနှင့် စင်ကာပူကလပ် အက်ဖ်စီဂျူရောင်းအသင်းတို့ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရှောဝတီအသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အက်ဖ်စီဂျူရောင်းအသင်းကို အနိုင်ရရှိသွားသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ➢